# သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ

# ဓမ္မဟောင်းကျမ်းနောက်ခံသမိုင်း ပုံပြင်များ

# (ရှေလုခေတ်မှ ကျွန်ခံရာမှပြန်လာသည့်အထိ)

Beginners (Level I)
Book 2 of 3

*by* **Rev C. Hanko**
*edited by* **J.J. Lim**
*with invaluable contributions by* **Ps. David Higgs**

January 2011 edition

Copyright © Gratia Dei Sola Media

**သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ-ဓမ္မဟောင်းကျမ်းနောက်ခံသမိုင်းပုံပြင်များ**
**(ရှောလုခေတ်မှ ကျွန်ခံရာမှပြန်လာသည့်အထိ)**

**(Beginners - Book 2/3)**
by Rev C. Hanko
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev C. Hanko is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.
Myanmar language version © Gratia Dei Sola Media
Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com
All rights reserved

မြန်မာဘာသာပြန်ဆိုသူ-ဇမ်လမ့်ထန် (ခ)ဒေးဗစ်
စာတိုက်သေတ္တာ ၁၀၅၇
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်

**အသင်းတော်အတွင်း ကန့်သတ်ထုတ်ဝေသည်။**

# နိဒါန်း

ဤစာအုပ်သည် စာအုပ်အတွဲသုံးအုပ်ထဲမှ ဒုတိယမြောက်ဖြစ်သည်။၎င်းထဲတွင် ခြောက်နှစ်မှရှစ်နှစ်အရွယ် ကလေးငယ်များအတွက် သမ္မာကျမ်းစာ သမိုင်းများကို ဝတ္ထုပုံစံအဖြစ် ဖွဲ့စည်းထားသော အချက်အလက်များပါဝင်သည်။ ဤဒုတိယစာအုပ်ထဲတွင် ရှောလုရှင်စတင်အုပ်စိုးခြင်းမှ ဣသရေလ လူမျိုးများကျွန်ခံရာမှ ပြန်လည်ရောက်ရှိလာသည့်အထိ ဖြစ်ပျက်ခဲ့သောသမိုင်းရာဇဝင်အကြောင်းများပါဝင်သည်။

သင်ကြားပို့ချပေးသောဆရာ/မများက သင်ခန်းစာတစ်ခုစီတိုင်းကို သင်ကြားပေးသောအခါ အဖြစ်အပျက်များတစ်သဝေမတိမ်းမပို့ချဘဲ သာမန်အဖြစ်အပျက်တစ်ခု(သို့)နှစ်ခုကိုသာသေချာစွာ ပို့ချအပ်သည်။ အတန်းထဲတွင် ဆွေးနွေးသင်ကြားပေးသောအခါ ဆရာ/မများက မည်သည့်အချက်အလက်များ ထပ်မံထည့်သွင်းပေးရမည်ကို ကိုယ်တိုင် စဉ်းစားသုံးသတ်ဆုံးဖြတ်ရပေမည်။

ဘုရားသခင်က သူသည် ကျွန်ုပ်တို့၏ဘုရားနှင့်ကျွန်ုပ်တို့မျိုးဆက်သစ်များ၏ဘုရားဖြစ်မည်ဟူသော ကတိတော်အတိုင်းဤစာအုပ်ထဲတွင်ဖော်ပြထားသောအချက်များကို သူကိုယ်တိုင် အသုံးပြုပါစေသော။

*Rev. C. Hanko*

အသင်းတော်တွင် လူငယ်များအား မေးခွန်းပုစ္ဆာများအားဖြင့် သွန်သင်ခြင်းသည် ရှေးကနဦးခေတ်မှ စ၍အသုံးပြုခဲ့ပြီဖြစ်ပြီး၊ ယနေ့ထိတိုင်အသုံးပြုနေသော နည်းစနစ်ဖြစ်သည်။ ကျွန်ုပ်တို့အသုံးပြုနေသော သမ္မာကျမ်းစာ ဝတ္ထု မေးခွန်းများစာအုပ်သုံးအုပ်တို့သည်Protestant Reformed Church မှ စီစဉ်ပေးခဲ့သည်။ (သို့သော် ခေါင်းစဉ်များ မတူပေ။) ဤမေးခွန်းပုစ္ဆာများ၏ ရည်ရွယ်ချက်သည် ကလေးငယ်များအား ကျမ်းစာအချက်အလက်များနှင့် သမိုင်းအကြောင်းများကို အခြေခံမှ သိရှိရန် အတွက်ဖြစ်သည်။ ထိုအကြောင်းအရာများသည် WSC ကဲ့သို့ အယူဝါဒနှင့်ပတ်သက်သော မေးခွန်းပုစ္ဆာများ၏အခြေခံဖြစ်သည်။ ကျွန်ုပ်တို့သည် စာမူများတည်းဖြတ်ရန်နှင့် အချို့သောမေးခွန်းများအမှားပြုပြင်ခြင်း(သို့) သိကောင်းစရာများထည့်သွင်းခြင်းများပြုနိုင်ရန် ခွင့်ပြုချက်ရယူခဲ့သည်။

သင့်ကလေးငယ်များသည် အပတ်တိုင်းအလွတ်ကျက်ရန် ပေးထားသောပုစ္ဆာများ(မေးခွန်း ၁၀ ခုနှင့် ရွှေကျမ်းချက်များ)ကို ကျက်မှတ်နိုင်အောင်ဉာဏ်ရည်အစွမ်းရှိလျှင် သူတို့သည် စနစ်တကျ အလွတ် ကျက်ရန်နှင့် Young Children များအတွက် ပြင်ဆင်ထားသော မေးခွန်းပုစ္ဆာများအလွတ်ကျက်ရန် တိုက်တွန်းလိုပါသည်။ သမ္မာကျမ်းစာ ဝတ္ထုမေးခွန်း၊ (Level I)သင်ကြားပြီးနောက်ဤ Westminster Shorter Catechism မိတ်ဆက်ခြင်းကို သင်ကြားရပေမည်။

ဤစာအုပ်ငယ်ထဲတွင် မေးခွန်းနှင့်အဖြေများခွန်တွဲထားသည်။ ကလေးငယ်များသည် မေးခွန်း ပုစ္ဆာများအားအလေးထားလေ့ကျင့်ရန်နှင့် အပတ်တိုင်းတွင် အလွတ်ကျက်ရန်ပေးထားသော မေးခွန်း ဆယ်ခုများကို အလွတ်ကျက်ရာတွင်ကူညီရန် အုပ်ထိန်းသူမိဘများကို တိုက်တွန်းပါသည်။ ဥပုသ်နေ့တွင် သင်ကြားပေးသောဆရာများအတွက် ထပ်မံဖြည့်စွက်သော သင်ခန်းစာများသင်ကြားပေးရန်အတွက်သာ ဖြစ်သောကြောင့် မိဘများ (အထူးသဖြင့် ဖခင်များ)သည် ကလေးငယ်များအတန်းထဲသို့မလာမီ သူတို့၏ကလေးငယ်များအား သင်ခန်းစာများသင်ကြားပေးရန် တိုက်တွန်းလိုပါသည်။ သင်ကြားပေးသော ဆရာများသည် ထပ်မံဖြည့်စွက်ထားသောသင်ခန်းစာနှင့် ကလေးငယ်များအား မေးခွန်းနှင့်အဖြေများအလွတရ/မရ စစ်ဆေးရန်သာ လိုအပ်မည်ဖြစ်သည်။

ဘုရားသခင်၏နည်းလမ်းအားဖြင့် ကျွန်ုပ်တို့ကလေးငယ်များညွှန်ကြားရန် ကျွန်ုပ်တို့၏သေးငယ်သောကြိုးပမ်းမှုအပေါ် ဘုရားသခင် ကောင်းကြီးချပေးပါစေသော။

*Ps J.J Lim*

## သင်ခန်းစာ (၁)

# ရှောလုအကြောင်း

*၁ရာ ၈ –၁၅၊ ၂၈၊ ၃၁*

၁။ ဣသရေလလူမျိုးများသည် အဘယ်ကြောင့်ရှင်ဘုရင်တစ်ပါးကိုတောင့်တခဲ့ကြသနည်း။
သူတို့သည် အခြားသောလူမျိုးများကဲ့သို့ဖြစ်လိုကြသောကြောင့်ဖြစ်သည်။ (၁ရာ ၈း၄–၅)

၂။ ဘုရားသခင်သည် သူတို့အား ရှင်ဘုရင်တစ်ပါးပေးခဲ့သလား။
ဘုရားသခင်သည်သူတို့အား ဗယာမိန်မျိုးနွယ်မှ ရှောလုကို ပေးခဲ့သည်။ (၁ရာ ၉း၁၆–၁၇၊၁၀း၁)

၃။ ရှောလုသည် ကောင်းသော ဘုရင်ဖြစ်ခဲ့သလား။
မဖြစ်ခဲ့ပေ။ သူသည် အလွန်ဆိုးသွမ်းသော ဘုရင်ဖြစ်ခဲ့သည်။ (၁ရာ ၁၅း၁၀–၁၁)

၄။ ရှောလုက သူ၏ယုတ်မာမှုကို မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် ဘုရားသခင်၏ပညတ်တော်များကို ချိုးဖောက်ခဲ့သည်။ (၁ရာ ၁၃း၇–၁၄၊ ၁၅း၁–၉)

၅။ ဘုရားသခင်သည်ရှောလုအား မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်သည် နိုင်ငံတော်ကို ရှောလုလက်မှ သိမ်းပိုက်ခဲ့သည်။ (၁ရာ ၁၅း၂၂–၃၀)

၆။ ထိုနောက် ဘုရားသခင်သည် ရှောလုအား စကားပြောခဲ့သလား။
ဘုရားသခင်က သူ့အား စကားမပြောတော့ပေ။ (၁ရာ ၂၈း၆၊ ၁၅)

၇။ ရှောလုသည် ဘုရားသခင်ထံမှ အကူအညီရယူရန် ကြိုးစားခဲ့သေးသလား။
ကြိုးစားခဲ့သည်။ သူသည် ဖိလိတ္တိလူတို့နှင့် စစ်မတိုက်မီ ဘုရားသခင်ထံအကူအညီတောင်း
ခဲ့သည်။(၁ရာ ၂၈း၃–၆)

၈။ ဘုရားသခင်သည် ရှောလုအားစကားမပြောသည့်အခါ သူသည် မည်သူ့ထံသို့သွားခဲ့သနည်း။
သူသည် နတ်ဝင်မိန်းမထံသို့ ညမှောင်သောအခါသွားခဲ့သည်။(၁ရာ ၂၈း၇–၈)

၉။ ရှောလုသည် မည်သည့်သတင်းမျိုးကို ရရှိခဲ့သနည်း။
ရှောလုသည် သေရမည် ဟူသောသတင်းကို ရရှိခဲ့သည်။ (၁ရာ ၂၈း၁၂–၂၀)

၁၀။ ရှောလုသည် မည်သို့အသက် ဆုံးရှုံးခဲ့သနည်း။
သူသည် စစ်ပွဲထဲတွင် သူ့ကိုယ်သူ သတ်သေခဲ့သည်။(၁ရာ ၃၁း၁–၅)

*ရွေကျမ်းချက်။ ။ "အကြောင်းမူကား၊ ဖြောင့်မတ်သောသူတို့၏လမ်းကို ထာဝရဘုရားသိကျွမ်းတော်မူ၏။ မတရားသောသူတို့၏လမ်းသည် ဆုံးရှုံးခြင်းသို့ရောက်ရလိမ့်သတည်း။" (ဆာလံ ၁း၆)*



## သင်ခန်းစာ (၂)

# ဒါဝိဒ်ကို ရှင်ဘုရင်အဖြစ်ဘိသိက်ခြင်း

*၁ရာ ၁၆ –၂၈*

၁။ ရှမွေလက ရှောလုနေရာတွင် ဘုရင်ဖြစ်ရန် မည်သူ့ကို ဘိသိက်ခဲ့သနည်း။
ဗယာမိန်အမျိုးနွယ်ဖြစ်သော ဒါဝိဒ်ကို ရှမွေလက ဘိသိက်ခဲ့သည်။ (၁ရာ ၁၆း၁၁–၁၃)

၂။ ဒါဝိဒ်သည် ကလေးဘဝတွင်မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် မိမိဖခင်၏သိုးများကို ထိန်းကျောင်းပေးခဲ့သည်။ (၁ရာ ၁၆း၁၁၊၁၉၊cf ၁၇း၁၅၊၂၀)

၃။ ထိုအချိန်တွင် ဘုရားသခင်သည် သူနှင့်အတူပါရှိခဲ့သလား။
ရှိခဲ့သည်။ ဘုရားသခင်က သူ့အား ခြင်္သေ့နှင့်ဝံကောင်များမန္တရာယ်မှကယ်တင်ခဲ့သည်။(၁ရာ
၁၇း၃၄–၃၇)

၄။ ဣသရေလလူများ၏စစ်သားကို မည်သူက ကြိမ်းပခဲ့သနည်း။
ဘီလူးကြီး– ဂေါလျက်က ကြိမ်းပခဲ့သည်။(၁ရာ ၁၇း၄၊ ၈–၁၀၊ ၂၆)

၅။ ဒါဝိဒ်သည်ဂေါလျက်အား မည်သို့ပြုခဲ့သနည်း။
သူသည် ဂေါလျက်အား လောက်လွှဲဖြင့်သတ်ဖြတ်ခဲ့သည်။(၁ရာ ၁၇း၄၇–၅၀)

၆။ ဒါဝိဒ်သည် ဂေါလျက်ကို သတ်သောကြောင့် ရှောလုသည် ဝမ်းမြောက်ခဲ့သလား။
ဝမ်းမြောက်ခြင်းမရှိခဲ့ပေ။ သူသည် ဒါဝိဒ်ကို မနာလိုဖြစ်ခဲ့သည်။(၁ရာ ၁၈း၇–၉)

၇။ သူသည် ဒါဝိဒ်အား အဘယ်ကြောင့် ပို၍မနာလိုဖြစ်ခဲ့ရသနည်း။
ဘုရားသခင်က ဒါဝိဒ်အား ရှင်ဘုရင်အဖြစ်ချီးမြှောက်မည်ကို သူ သိသောကြောင့်ဖြစ်သည်။
(၁ရာ ၁၆း၁–၄၊ cf ၂၀း၃၁)

၈။ ရှောလုသည် ဒါဝိဒ်အားသတ်ရန် မည်သို့ကြိုးပမ်းခဲ့သနည်း။
သူသည် သူ၏စစ်သားများနှင့် ဒါဝိဒ်ကို လိုက်လံခဲ့သည်။ (၁ရာ ၂၃း၇–၈)

၉။ ဒါဝိဒ်သည် မည်သည့်နေရာတွင် ပုန်းအောင်းနေထိုင်ခဲ့သနည်း။
သူသည် ကျောက်တောင်များတွင်ရှိသော ဥမင်ထဲတွင် ပုန်းအောင်းခဲ့သည်။(၁ရာ ၂၄း၁–၈)

၁၀။ ရှေလုသည် ဒါဝိဒ်အား သတ်နိုင်ခဲ့သလား။
ဘုရားသခင်က ဒါဝိဒ်ကို ကာကွယ်သောကြောင့်မသတ်နိုင်ခဲ့ပေ။ (၁ရာ ၂၇း၄၊ cf ၂၈း၁၆–၁၇)

*ရွေကျမ်းချက်။ ။ "အကယ်၍သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ရှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့်တောင်ဝေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏။" (ဆာလံ ၂၃း၄)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၃)
# ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာခြင်း
### ၂ ရာ ၂ - ၁၂

၁။ ရှောလုသေသွားပြီးနောက် မည်သူသည် ရှင်ဘုရင်ဖြစ်လာခဲ့သနည်း။
ဘုရားသခင်ကို ကြောက်ရွံ့သူ–ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာခဲ့သည်။ (၂ရာ ၂း၁–၄)

၂။ ဒါဝိဒ်သည် မည်သည့်နေရာတွင် နေထိုင်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့တွင် နေထိုင်ခဲ့သည်။(၂ရာ ၅း၆–၇၊ ၉)

၃။ ဒါဝိဒ်သည် ယေရုရှလင်မြို့သို့ မည်သည့်အရာကို သယ်ဆောင်လာခဲ့သနည်း။
သူသည် ဘုရားသခင်၏သေတ္တာတော်ကို သယ်ဆောင်လာခဲ့သည်။(၂ရာ ၆း၁၂၊ ၁၅–၁၇)

၄။ ဒါဝိဒ်သည် ယေရုရှလင်မြို့တွင် မည်သည့်အရာတည်ဆောက်ရန် စီစဉ်ခဲ့သနည်း။
ဒါဝိဒ်သည် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ရန် စီစဉ်ခဲ့သည်။ (၂ရာ ၇း၁–၅ cf ၃ရာ ၈း၁၇)

၅။ ဒါဝိဒ်သည် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခဲ့သလား။
မတည်ဆောက်ခဲ့ပေ။ သူ့သား ရှောလမုန်လက်ထက်၌ တည်ဆောက်ရလိမ့်မည်ဟု ဘုရားသခင်က မိန့်တော်မူခဲ့သည်။ (၂ရာ ၇း၁၁–၁၃၊ cf ၃ရာ ၈း၁၈–၁၉)

၆။ ဒါဝိဒ်ပြုခဲ့သော ကြီးသောအမှုအပြစ်တစ်ခုကို ဖော်ပြပါ။
သူသည် အခြားလူတစ်ယောက်၏မိန်းမကို ပြစ်မှားခဲ့သည်။(၂ရာ ၁၁း၂–၅)

၇။ ဒါဝိဒ်သည် အခြားသူတစ်ယောက်၏မိန်းမပြစ်မှားခြင်းအပြစ်ကိုဖုံးကွယ်ရန် မည်သို့ကြံစည်ခဲ့သနည်း။
ဒါဝိဒ်သည် ထိုသူကို ခွန်အားကြီးသောသူရဲရှိရာအရပ်သို့ စေလွှတ်ခြင်းအားဖြင့် သတ်စေခဲ့သည်။ (၂ရာ ၁၁း၁၄–၁၇)

၈။ ဒါဝိဒ်သည် ဤအပြစ်အတွက် နောင်တရခဲ့သလား။
နောင်တရခဲ့သည်။ သို့သော် သူသည် ပရောဖက်နာသန် သူ့ထံသို့လာရောက်သောအချိန်၌သာ နောင်တရခဲ့သည်။ (၂ရာ ၁၂း၁–၁၃၊ ဆာလံ ၅၁)

၉။ ဘုရားသခင်သည် ဒါဝိဒ်အပေါ်ဝမ်းနည်းကြောင်း မည်သို့ပြသခဲ့သနည်း။
ဘုရားသခင်က သူ၏သားကိုဖျားနာ၍သေစေခဲ့သည်။(၂ရာ ၁၂း၁၄–၂၃)

၁၀။ ဘုရားသခင်သည် ဒါဝိဒ်အား အခြားသောနည်းလမ်းအားဖြင့် ဒဏ်ခတ်ခဲ့သလား။
ဒဏ်ခတ်ခဲ့သည်။ ဘုရားသခင်က သူ၏မိသားစုအပေါ်တွင် ဒုက္ခများစွာ စေလွှတ်ခဲ့သည်။(၂ရာ ၁၂း၁၀–၁၂)

*ရွတ်ကျမ်းချက်။ ။ "အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ရောက်သောသူသည် မင်္ဂလာရှိ၏။" (ဆာလံ ၃၂း၁)*



## သင်ခန်းစာ (၄)
# အဗရှလုံ၏အပြစ်
### ၂ ရာ ၁၅ - ၁၉

၁။ အဗရှလုံသည် မည်သူ၏သားဖြစ်သနည်း။
အဗရှလုံသည် ဒါဝိဒ်၏သားဖြစ်သည်။ (၂ရာ ၃း၂–၃)

၂။ အဗရှလုံသည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်း။
သူသည် နိုင်ငံတော်ကို သူ၏ဖခင် ထံမှ သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သည်။ (၂ရာ ၁၅း၁–၁၂)

၃။ ဤအမှုသည် အဘယ်ကြောင့်မှားယွင်းမှုရှိခဲ့သနည်း။
ဘုရားသခင်သည် ဒါဝိဒ်ကို ရှင်ဘုရင်အဖြစ်ခန့်အပ်ခဲ့သောကြောင့်ဖြစ်သည်။(၂ရာ ၅း၃ cf ၁ရာ ၂၄း၁၀)

၄။ လူတွေက အဗရှလုံသည် ရှင်ဘုရင်ဖြစ်ရန် ဆန္ဒရှိခဲ့ကြသလား။
ရှိခဲ့ကြသည်။ လူများစွာတို့က သူ့ကို နှစ်သက်ခဲ့ကြသည်။(၂ရာ ၁၅း၁၃)

၅။ ဒါဝိဒ်သည် သူ၏သားအဗရှလုံနှင့် စစ်ပြိုင်ရန် ဆန္ဒရှိခဲ့သလား။
မရှိခဲ့ပေ။ သူသည် ယေရုရှလင်မြို့မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။(၂ရာ ၁၅း၁၄)

၆။ ဒါဝိဒ်သည် သူတစ်ယောက်တည်း ထွက်ပြေးခဲ့သလား။
ဒါဝိဒ်သည် သူ၏နန်းတော်သားများနှင့်ထွက်ပြေးခဲ့သည်။(၂ရာ ၁၅း၁၅–၁၈)

၇။ အဗရှလုံသည် ဒါဝိဒ်ကို လိုက်လံခဲ့သလား။
လိုက်လံခဲ့ပါသည်။ သူသည် သူ၏လူများနှင့် ဒါဝိဒ်ကို လိုက်ခဲ့သည်။(၂ရာ ၁၇း၁၊ ၂၄–၂၆)

၈။ ဒါဝိဒ်၏လူများနှင့် အဗရှလုံ၏လူများစစ်တိုက်သောအချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အဗရှလုံသည် သူ၏ခေါင်းဖြင့်သစ်ကိုင်းပေါ်၌ တွဲဆွဲလျက်ရှိခဲ့သည်။(၂ရာ ၁၈း၉–၁၀)

၉။ စစ်ပွဲသည် မည်သို့အဆုံးသတ်ခဲ့သနည်း။
အဗရှလုံသည် သတ်ဖြတ်ခြင်းကိုခံခဲ့သည်။(၂ရာ ၁၈း၁၄–၁၇)

၁၀။ ဒါဝိဒ်သည် ယေရုရှလင်မြို့သို့ ပြန်လာခဲ့သလား။
ပြန်လာခဲ့သည်။ သူသည် နဂိုမူလအတိုင်း ဘုရင်ပြန်ဖြစ်ခဲ့သည်။ (၂ရာ ၁၉း၁၄–၁၅)

*ရွတ်ကျမ်းချက်။ ။ "ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။" (ဆာလံ ၄၆း၁)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၅)

# ရှောလမုန်အကြောင်း

*၃ ရာ ၁ - ၁၁*

၁။ ဒါဝိဒ်မင်းကြီးသေသွားပြီးနောက် မည်သူသည် ရှင်ဘုရင်ဖြစ်ခဲ့သနည်း။
ဒါဝိဒ်မင်းကြီးကတိပြုထားသည့်အတိုင်း ရှောလမုန်သည် ရှင်ဘုရင်ဖြစ်ခဲ့သည်။( ၃ရာ ၁း၁၇၊ ၃၄-၃၅၊ ၃၉၊ cf ၂း၁-၂၊ ၁၂)

၂။ ရှောလမုန်က ဘုရားသခင်ထံ မည်သည့်ဆုကိုတောင်းလျှောက်ခဲ့သနည်း။
သူ့လူမျိုးများအုပ်ချုပ်နိုင်ရန် ဉာဏ်ပညာကိုပေးပါဟု တောင်းလျှောက်ခဲ့သည်။(၃ရာ ၃း၈-၁၂)

၃။ ဘုရားသခင်သည်ရှောလမုန်အား ဉာဏ်ပညာကို ချပေးခဲ့သလား။
ပေးခဲ့သည်။ ဘုရားသခင်က သူအား စည်းစိမ်ဥစ္စာနှင့်ဂုဏ်အသရေတိုးပွါးခြင်းကို ပေးအပ်ခဲ့သည်။ (၃ရာ ၃း၁၃၊ ၄း၂၉-၃၀)

၄။ ရှောမုန်က သူ၏ပညာကို မည်သို့ပြသခဲ့သနည်း။
မိန်းမနှစ်ဦးသည် ကလေးတစ်ယောက်ကို လုယက်နေသည့်အချိန်တွင် ရှောလမုန်က သူ၏ပညာကို ပြသခဲ့သည်။(၃ရာ ၃း၁၆-၂၈)

၅။ ရှောလမုန်သည် မည်သည့်အရာကို တည်ဆောက်ခဲ့သနည်း။
သူသည် ကြီးမားၡခမ်းနားထည်ဝါသော ဗိမာန်တော်ကို တည်ဆောက်ခဲ့သည်။(၃ရာ၆း၁-၁၀)

၆။ ရှေဘပြည်ကိုအစိုးရသောမိဖုရားသည် အဘယ်ကြောင့် ရှောလမုန်ထံသို့ရောက်လာခဲ့သနည်း။
ဘုရားသခင်က ရှေလမုန်အပေါ်ပေးထားသော ဂုဏ်အသရေကို စုံစမ်းရန်အတွက် ဖြစ်သည်။ (၃ရာ ၁၀း၁၊ ၄-၉)

၇။ ရှောလမုန်မင်းကြီးသည် မည်သို့သော အပြစ်ကို ကျူးလွန်ခဲ့သနည်း။
သူသည် တပါးအမျိုးသားမိန်းမများနှင့်အိမ်ထောင်ပြုခဲ့သည်။ ( ၃ရာ ၁၁း၁-၄)

၈။ ဤမိန်းမများက သူ့အား သာ၍အပြစ်ပြုစေခဲ့သလား။
ပြုစေခဲ့သည်။ သူတို့က ရှောလမုန်အား ရုပ်တုကိုပါ ကိုးကွယ်စေခဲ့သည်။ (၃ရာ ၁၁း၇-၈)

၉။ ဘုရားသခင်သည် ဝမ်းနည်းကြောင်း မည်သို့ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်က သူ၏သားထံမှနိုင်ငံတော်ကို ရုပ်သိမ်းခဲ့သည်။ (၃ရာ ၁၁း၉-၁၃)

၁၀။ ရှောလမုန်မင်းကြီးသည် နောင်တရခဲ့သလား။
သူသည် အသက်ကြီးရင့်လာသောအခါ ဒေသနာကျမ်းကို ရေးထားသောကြောင့် နောင်တရသည်ကို သေချာစွာသိရှိနိုင်သည်။ (ဒေသ ၁၂း၁၃-၁၄)

*ရွှေကျမ်းချက်။ ။ ''ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။''*
*(သုတ္တံ ၁း၇)*



## သင်ခန်းစာ (၆)

# ယုဒရှင်ဘုရင်ရောဗောင်အကြောင်း

*၃ ရာ ၁၁ - ၁၄*

၁။ ရှောလမုန်မင်းကြီးသေသွားခဲ့ပြီးနောက် မည်သူသည် ရှင်ဘုရင်ဖြစ်လာခဲ့သနည်း။
သူ၏သား ရောဗောင်သည် ရှင်ဘုရင်ဖြစ်လာခဲ့သည်။ (၃ရာ ၁၁း၄၃ -၁၂း၁)

၂။ လူတွေက ရောဗောင်အားမည်သည့်အရာလုပ်ဆောင်ရန် တောင်းဆိုခဲ့ကြသနည်း။
လူတွေကအခွန် လျှော့ချပေးရန် တောင်းဆိုခဲ့ကြသည်။ (၃ရာ ၁၂း၃-၄)

၃။ ရောဗောင်မင်းသည် လူတွေတောင်းဆိုမှုကို လိုက်လျောပေးခဲ့သလား။
မလိုက်လျော့ခဲ့ပေ။ ရောဗောင်မင်းက သူတို့ကို ကြမ်းတမ်းစွာဆက်ဆံ၍ အခွန်တိုးမြှင့်မည်ဟုပြောခဲ့သည်။ (၃ရာ ၁၂း၁၂-၁၄)

၄။ လူတွေက ရောဗောင်မင်းအား မည်သို့ဆန့်ကျင်တော်လှန်ခဲ့ကြသနည်း။
လူမျိုးဆယ်စုတို့က ယေရောဗောင်အား ရှင်ဘုရင်အဖြစ်တင်မြှောက်ခဲ့ကြသည်။(၃ရာ ၁၂း၂၀)

၅။ ဤလုပ်ရပ်သည် လူတွေအတွက် မှန်ကန်မှုရှိခဲ့သလား
မရှိခဲ့ပေ။ ဘုရားသခင်က ရောဗောင်အား သူတို့၏ရှင်ဘုရင်အဖြစ်ခန့်အပ်ခဲ့သည်။ (၃ရာ ၁၂း၁ cf ၁ရာ ၂၄း၁၀)

၆။ လူမျိုးဆယ်စုတို့ကို မည်သို့ခေါ်သနည်း။
ဣသရေလနိုင်ငံ (သို့) မြောက်ပိုင်းနိုင်ငံဟုခေါ်သည်။(၃ရာ ၁၂း၁၉-၂၀)

၇။ ရောဗောင်မင်းကြီးနှင့်အတူ လူမျိုးမည်မျှ ကျန်ရစ်ခဲ့သနည်း။
ယုဒအမျိုးနှင့်ဗင်္ယာမိန်အမျိုးတို့သာ ကျန်ရစ်ခဲ့သည်။ (၃ရာ ၁၂း၂၁)

၈။ လူမျိုးနှစ်မျိုးကို မည်သို့ခေါ်သနည်း။
ယုဒနိုင်ငံ (သို့) တောင်ပိုင်းနိုင်ငံဟုခေါ်သည်။ (၃ရာ ၁၂ း၂၃၊ ၂၇)

၉။ ရောဗောင်မင်းသည် ဘုရားသခင်အား အမြဲတမ်း ဆက်ကပ်ခဲ့သလား။
မဆက်ကပ်ခဲ့ပေ။ သူနှင့်လူများသည် ဘုရားသခင်ကို ကျောခိုင်းခဲ့ကြသည်။(၃ရာ၁၄း၂၁-၂၄)

၁၀။ ဘုရားသခင်သည် သူတို့ကို မည်သို့ ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်က သူ့ကို တိုက်ခိုက်ရန် အဲဂုတ္တုရှင်ဘုရင်ကို စေလွှတ်ခဲ့သည်။(၃ရာ ၁၄း၂၅-၂၆)

*ရွှေကျမ်းချက်။ ။ ''အိုထာဝရဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကို ကိုးစားသည်နှင့်အညီ၊*
*အကျွန်ုပ်တို့အပေါ်မှာကရုဏာတော်သက်ရောက်ပါစေသော။'' (ဆာလံ ၃၃း၂၂)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၇)
# ဣသရေလရှင်ဘုရင်   ရောဗောင်အကြောင်း
*၃ ရာ ၁၂ - ၁၄*

၁။ ရောဗောင်သည် ကောင်းသော ရှင်ဘုရင်ဖြစ်ခဲ့သလား။
မဖြစ်ခဲ့ပေ။ သူက ဣသရေလလူမျိုးများအား ရွှေနွားသူငယ်ရုပ်ကို ကိုးကွယ်စေခဲ့သည်။ (၃ရာ ၁၂ း ၂၈)

၂။ ရောဗောင်ရှင်ဘုရင်သည် အဘယ်ကြောင့်ဤရွှေနွားသူငယ်များကို ပြုလုပ်ခဲ့သနည်း။
သူသည် လူများအား ယေရုရှလင်မြို့ရှိ ဗိမာန်တော်သို့မသွားစေလိုသောကြောင့်ဖြစ်သည်။ (၃ရာ ၁၂း၂၆–၃၀)

၃။ မည်သူသည် ရောဗောင်တည်သော ယဇ်ပလ္လင်အားဆန့်ကျင်ခဲ့သနည်း။
ယုဒပြည်မှရောက်ရှိလာသော ပရောဖက်တစ်ပါးကဆန့်ကျင်ခဲ့သည်။ (၃ရာ ၁၃ း၁–၂)

၄။ ဤပရောဖက်က ယဇ်ပလ္လင်ကို ဆန့်ကျင်သောစကားပြောဆိုသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယဇ်ပလ္လင်သည် အစိတ်စိတ်အမွှာမွှာကွဲသွားခဲ့သည်။ (၃ရာ၁၃း၂–၅)

၅။ ပရောဖက်သည် အိမ်အပြန်လမ်းခရီးတွင် သူ့အပေါ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ခြင်္သေ့တစ်ကောင်က သူ့ကို ကိုက်သတ်ခဲ့သည်။ (၃ရာ ၁၃း၂၄)

၆။ ခြင်္သေ့က အဘယ်ကြောင့်ပရောဖက်ကို ကိုက်သတ်ခဲ့ရသနည်း။
သူသည် ဘုရားသခင်မိန့်မှာသည့်အတိုင်း ယုဒပြည်သို့ချက်ချင်းမပြန်ခဲ့သောကြောင့်ဖြစ်သည်။ (၃ရာ ၁၃း၇–၉၊ cf အခန်းငယ် ၁၁–၁၉၊ ၂၅–၂၆)

၇။ ပရောဖက်သည် အဘယ်ကြောင့်ဘုရားသခင်မိန့်မှာသည်အတိုင်း မလုပ်ဆောင်ခဲ့သနည်း။
လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်ရရှိသည်ဟု ဟန်ဆောင်လျက် သူ့အား နေရစ်ရန် အတင်းအဓမ္မ တားထားသောကြောင့်ဖြစ်သည်။ (၃ရာ၁၃း၁၈ ff)

၈။ ဘုရားသခင်သည် ရောဗောင်အား သူ၏အပြစ်အတွက် မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်က သူ၏သားကို ဖျားနာစေခဲ့သည်။ (၃ရာ ၁၃း၃၃–၁၄း၁)

၉။ ရောဗောင်၏မယားသည် သူမသား၏အသက်ကို ကယ်ဆယ်နိုင်ရန် မည်သို့ ကြိုးပမ်းခဲ့သနည်း။
သူမသည် ဘုရားသခင်၏ပရောဖက် အဟိယထံသို့သွားရောက်ခဲ့သည်။(၃ရာ၁၄း၂–၅)

၁၀။ အဟိယက ရောဗောင်၏မယားအား မည်သည့်အရာပြောခဲ့သနည်း။
သူမ၏သားသည် အမှန်သေလိမ့်မည်ဟု ပြောခဲ့သည်။ (၃ရာ ၁၄း၆၊ ၁၂–၁၃)

*မှတ်ကျမ်းချက်။ ။ ''ကိုယ်တော်သည်မတရားသောအမှုကို နှစ်သက်သောဘုရားမဟုတ်။'' (ဆာလံ ၅း၄)*



## သင်ခန်းစာ (၈)
# ဧလိယနှင့်အာဟပ်တို့အကြောင်း
*၃ ရာ ၁၆ - ၁၇*

၁။ ဣသရေလနိုင်ငံ၌ ကောင်းသောရှင်ဘုရင်တစ်ပါးမျှရှိပါသလား။
မရှိပါ။ ရှင်ဘုရင်အားလုံးသည် ဆိုးသွမ်းခဲ့ကြသည်။ ( ၃ရာ ၁၆း၃၀၊ ၃၃ cf ၄ရာ၈း၁၈၊ ၁၆း၃)

၂။ ရှင်ဘုရင် မည်သူသည် အထူးဆိုးသွမ်းခဲ့သနည်း။
ဆိုးသွမ်းသော ယေဇဗေလနှင့်စုံဖက်သော အာဟပ်ရှင်ဘုရင်ဖြစ်သည်။ (၃ရာ ၁၆း၃၀–၃၁)

၃။ အာဟပ်ရှင်ဘုရင်သည် ဣသရေလလူမျိုးများအားဘုရားသခင်ကိုဆည်းကပ်စေရန် ဆန္ဒရှိခဲ့သလား။
မရှိခဲ့ပေ။ သူက ဣသရေလလူမျိုးများအား ဗာလဘုရားကို ကိုးကွယ်စေခဲ့သည်။(၃ရာ၁၆း၃၂)

၄။ အာဟပ်ရှင်ဘုရင်သည် လူတွေအား ဗာလဘုရားကိုကိုးကွယ်ရန်မည်သို့လုပ်ဆောင်ခဲ့သနည်း။
သူသည် ဘုရားသခင်ကို ကိုးကွယ်သောသူများ သတ်ဖြတ်ခဲ့သည်။ (၃ရာ ၁၆း၃၃၊ ၁၈း၃–၄)

၅။ ပရောဖက်မည်သူသည် အာဟပ်ဘုရင်ထံသို့ ရောက်ရှိလာခဲ့သနည်း။
ပရောဖက်ဧလိယသည် အာဟပ်ဘုရင်ထံသို့ ရောက်ရှိလာခဲ့သည်။ (၃ရာ ၁၇း၁)

၆။ ဧလိယက အာဟပ်ဘုရင်ထံ မည်သည့်အရာကို ပြောပြခဲ့သနည်း။
သုံးနှစ်နှင့်ခြောက်လပတ်လုံး မိုးမရွာရ ဟုပြောခဲ့သည်။ (၃ရာ ၁၇း၁ cf ယာကုပ်၅း၁၇)

၇။ ဧလိယသည် အစာခေါင်းပါးခြင်းကာလပတ်လုံး မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူသည် ခေရိတ်ချောင်းနားမှာပုန်းရှောင်ရန် သွားရောက်ခဲ့သည်။ (၃ရာ ၁၇း၂–၃)

၈။ ဘုရားသခင်က ခေရိတ်ချောင်းများတွင် ဧလိယအား မည်သို့ကျွေးမွေးခဲ့သနည်း။
ဘုရားသခင်က ကျီးကန်းတို့ကို ဧလိယအတွက် အစာပို့ပေးရန် အမိန့်ပေးခဲ့သည်။(၃ရာ ၁၇း၄–၇)

၉။ ချောင်းရေခန်းခြောက်သောအခါ ဘုရားသခင်က ဧလိယကို မည်သည့်နေရာသို့စေလွှတ်ခဲ့သနည်း။
ဇိဒုန်ပြည်ရှိ ဆင်းရဲသောမုဆိုးမအိမ်သို့ စေလွှတ်ခဲ့သည်။ (၃ရာ ၁၇း၈ – ၁၂)

၁၀။ ဘုရားသခင်က ဧလိယနှင့်မုဆိုးမတို့ကို မည်သို့ပြုစုခဲ့သနည်း။
ဘုရားသခင်က သူတို့ကို ဆီနှင့်အသားနေ့တိုင်းပြင်ဆင်ပေးခဲ့သည်။(၃ရာ ၁၇း၁၃–၁၆)

*မှတ်ကျမ်းချက်။ ။ ''ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌စံပယ်တော်မူသောစည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့်ပြည့်စုံစေတော်မူလိမ့်မည်။'' (ဖိလိပ္ပိ ၄း၁၉)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၉)
# ကရမေလတောင်ပေါ်၌ဧလိယ
*၃ ရာ ၁၈*

၁။ အစာခေါင်းပါးခြင်းသည် မည်သည့်အချိန်တွင် ပြီးဆုံးသွားခဲ့သနည်း။
ဘုရားသခင်သည် ဧလိယအား အာဟပ်ထံသို့ ပြန်လည်စေလွှတ်သောအချိန်တွင် အစာခေါင်းပါး
ခြင်းပြီးဆုံးသွားခဲ့သည်။ (၃ရာ ၁၈း၁)

၂။ ဧလိယသည် အာဟပ်အားမည်သည့်အရာလုပ်ဆောင်ရန် ပြောခဲ့သနည်း။
ဣသရေလလူမျိုးအားလုံး ကရမေလတောင်ပေါ်သို့စေလွှတ်ရန် ပြောခဲ့သည်။(၃ရာ၁၈း၁၇–၁၉)

၃။ ကရမေလတောင်ပေါ်တွင် အခြားမည်သူတွေလည်း ရောက်လာခဲ့ကြသနည်း။
ဗာလပရောဖက်အပါး ၄၅၀ တို့ကိုလည်းရောက်ရှိလာခဲ့ကြသည်။ (၃ရာ ၁၈း၁၉၊ ၂၂)

၄။ ဧလိယက သူတို့ကို မည်သည့်အရာလုပ်ဆောင်ရန် စေခိုင်းခဲ့သနည်း။
ဗာလဘုရားအား ယဇ်ပူဇော်ရန် စေခိုင်းခဲ့သည်။ (၃ရာ၁၈း၂၂–၂၄)

၅။ ပရောဖက်များသည် သူတို့၏ပလ္လင်ပေါ်တွင် မီးလောင်ကျွမ်းစေနိုင်ခဲ့ကြသလား။
မလောင်ကျွမ်းစေနိုင်ခဲ့ကြပေ။ သူတို့သည် ဗာလဘုရားအား မီးလောင်ကျွမ်းစေရန် တောင်း
ဆိုခဲ့ကြသည်။(၃ရာ ၁၈း၂၅)

၆။ ဗာလဘုရားသည် မီးကို စေလွှတ်နိုင်ခဲ့သလား။
မစေလွှတ်နိုင်ခဲ့ပေ။ သူသည် ရုပ်တုသာဖြစ်သောကြောင့်ဖြစ်သည်။(၃ရာ ၁၈း၂၆–၂၉)

၇။ ဧလိယသည် ဆုတောင်းသောအခါ မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်က ကောင်းကင်မှ မီးကိုသူ၏ယဇ်ပလ္လင်ပေါ်သို့ စေလွှတ်ခဲ့သည်။(၃ရာ၁၈း၃၀–၃၉)

၈ လူတွေက ဤအဖြစ်အပျက်ကို မြင်တွေ့ကြသောအခါ မည်သည့်အရာ လုပ်ဆောင်ခဲ့ကြသနည်း။
''ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏''ဟု ဟစ်ကြွေးခဲ့ကြသည်။ (၃ရာ ၁၈း၃၉)

၉။ ဧလိယသည် ဗာလပရောဖက်များအပေါ် မည်သည့်အရာပြုခဲ့သနည်း။
ဧလိယသည် ဗာလပရောဖက်များအားလုံးကို သတ်ခဲ့သည်။ (၃ရာ ၁၈း၄၀)

၁၀။ ဗာလပရောဖက်များအသတ်ခံခဲ့ပြီးနောက် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် ဧလိယ၏ဆုတောင်းသံကို အဖြေပေးခြင်းအားဖြင့် မိုးရွာသွန်းစေခဲ့သည်။
(၃ရာ ၁၈း၄၁–၄၅)

*ရွှေကျမ်းချက်။ ။''ငါတပါးတည်းသာ ထာဝရဘုရားဖြစ်၏။ ငါမှတပါးအခြားသောဘုရားသခင်
မရှိ။'' (ဟေရှာ ၄၅း၅)*



## သင်ခန်းစာ (၁၀)
# ယုဒရှင်ဘုရင် – ယောရှဖတ်အကြောင်း
*၆ ရာ ၁၇ – ၂၀*

၁။ ယုဒနိုင်ငံသားများသည် ရွှေနွားသူငယ်ရုပ်ကို ကိုးကွယ်ခဲ့ကြသလား။
မကိုးကွယ်ခဲ့ကြပေ။ သူတို့သည် ယေရုရှလင်မြို့ရှိ ဗိမာန်တော်ထဲတွင် ကိုးကွယ်ခဲ့ကြသည်။
(၆ရာ ၁၇း၁–၄)

၂။ ယုဒရှင်ဘုရင်များအကြောင်းကို ကျွန်ုပ်တို့ မည်သို့သိရှိခဲ့ကြသနည်း။
သူတို့အားလုံးသည် ဒါဝိဒ်မျိုးနွယ်များဖြစ်ခဲ့ကြသည်။ (၆ရာ၃၂း၃၂–၃၃၊၃၄း၁–၃၊ ယေရ ၁၇း၂၅)

၃။ ဘုရားသခင်သည် အဘယ်ကြောင့်ဒါဝိဒ်၏သားများကို နန်းတော်ကို အုပ်စိုးစေခဲ့သနည်း။
သခင်ယေရှုခရစ်တော်သည် ဒါဝိဒ်မျိုးနွယ်မှဖွါးမြင်လိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။ (မဿဲ
၁း၁၊ cf ဥပမာအားဖြင့် မဿဲ ၉း၂၇)

၄။ ယုဒရှင်ဘုရင်အားလုံးက ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြသလား။
အချို့သော ဘုရင်များက ကိုးကွယ်ခဲ့ကြသော်လည်း၊ အများအပြားသည်ဆိုးသွမ်းခဲ့ကြသည်။
(ဥပမာအားဖြင့်၊ ၆ရာ ၂၁း၃–၄၊ ၆)

၅။ ရောဗောင်ရှင်ဘုရင်ပြီးနောက် ဘုရားသခင်ကို ကြောက်ရွံ့သောဘုရင်၏နာမည်နည်းနည်းသူနည်း။
ယောရှဖတ်ရှင်ဘုရင်ဖြစ်သည်။ (၆ရာ ၁၇း၁–၆)

၆။ ယောရှဖတ်သည် ယုဒလူတွေအတွက် မည်သည့်အရာကို လုပ်ဆောင်ပေးခဲ့သနည်း။
သူက ဘုရားသခင်ကို ကိုးကွယ်ရန် သွန်သင်ပေးခဲ့သည်။ (၆ရာ ၁၇း၇–၉)

၇။ ယောရှဖတ်သည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်း။
သူသည် အာဟပ်နှင့်အတူ စစ်မြေပြင်သို့ သွားရောက်ခဲ့သည်။ (၆ရာ ၁၈း၁–၃၊ ၂၈၊ ၁၉း၂)

၈။ စစ်မြေပြင်တွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
အာဟပ်ဘုရင်သည် အသတ်ခံခဲ့သည်။ (၆ရာ ၁၈း၃၃–၃၄)

၉။ ဘုရားသခင်သည် ယောရှဖတ်အား မည်သို့ကောင်းချီးပေးခဲ့သနည်း။
ဘုရားသခင်က သူ့ကို ဥစ္စာဓနများစွာပေးခဲ့သည်။ (၆ရာ ၂၀း၂၅၊ ၁၇း၃–၆)

၁၀။ ယောရှဖတ်သည် သူ၏ရန်သူများနှင့်တိုက်ခိုက်သောအခါ ဘုရားသခင်က ကူညီခဲ့သလား။
ကူညီပေးခဲ့သည်။ ဘုရားသခင်က သူ၏ရန်သူများအား ထိတ်လန့်စေခဲ့သည်။ (၆ရာ ၂၀း၂၉–
၃၀)

*ရွှေကျမ်းချက်။ ။''ထာဝရဘုရား၏ကတိတော်သည်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်
ကိုချီးမွမ်းကြလော့။''* (၆ရာ ၂၀း၂၁)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၁)
# ပရောဖက် ဧလိရှဲအကြောင်း
*၄ ဓမ္မ ၂ - ၅*

၁။ ဧလိယသည် သေခဲ့သလား။
မသေခဲ့ပေ။ ဘုရားသခင်က သူ့ကို ကောင်းကင်သို့ချီဆောင်ခဲ့သည်။ ( ၄ရာ ၂ း၁)

၂။ ဘုရားသခင်သည် သူ့အား ကောင်းကင်သို့ မည်သို့ချီဆောင်ခဲ့သနည်း။
ဘုရားသခင်သည် သူ့အား လေဘွေထဲရှိရထားအားဖြင့် ကောင်းကင်သို့ချီဆောင်ခဲ့သည်။ (၄ရာ ၂း၁၁)

၃။ ဧလိယနေရာတွင် မည်သူသည် ပရောဖက်ဖြစ်ခဲ့ရသနည်း။
ဧလိယလက်ထောက်– ဧလိရှဲသည် ပရောဖက်ဖြစ်ခဲ့ရသည်။(၄ရာ ၂း၈–၉၊ cf အခန်းငယ်၁၂–၁၅)

၄။ လုလင်ပျိုတို့သည် ဧလိရှဲကို မည်သို့ သရော်ခဲ့ကြသနည်း။
သူတို့က ‘‘ပေဦးပြည်း၊ တက်ဦးလော့’’ ဟု သရော်ခဲ့ကြသည်။(၄ရာ ၂း၂၃)

၅။ ဘုရားသခင်သည် ထိုလုပ်ရပ်ကြောင့်ဤလုလင်ပျိုများကို မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဝံမနှစ်ကောင်က လုလင်ပျိုအယောက် ၄၂ ကို ကိုက်သတ်ခဲ့သည်။ (၄ရာ ၂း၂၄)

၆။ မည်သူသည် ကျန်းမာခြင်းရရှိရန် ဧလိရှဲထံသို့ရောက်လာခဲ့သနည်း။
နူနာရောဂါစွဲသော နေမန်သည် ရှုရိပြည်မှ ရောက်လာခဲ့သည်။ (၄ရာ ၅း၁၊ ၉)

၇။ နေမန်က ဧလိရှဲအကြောင်းကို မည်သို့သိရှိခဲ့သနည်း။
ဣသရေလပြည်မှဖမ်းဆီးလာခဲ့သော မိန်းမငယ်အားဖြင့်သိရှိခဲ့သည်။ (၄ရာ ၅း၂–၄)

၈။ နေမန်သည် မည်သူ့အားဖြင့်ကျန်းမာခဲ့သနည်း။
သူသည် ဧလိရှဲစကားကို နားထောင်၍ ယောဒန်မြစ်၌ခုနစ်ကြိမ်တိုင်အောင်မိမိကိုယ်ကို နှစ်ခြင်းအားဖြင့် ကျန်းမာခဲ့သည်။ (၄ရာ ၅း၁၀–၁၁၊ ၁၃–၁၅)

၉။ ဧလိရှဲ၏ကျွန်သည် မည်သို့သော အပြစ်မျိုးကို ကျူးလွန်ခဲ့သနည်း။
သူသည် နေမန်ယူဆောင်လာသော အလှူလက်ဆောင်များ တောင်းဆိုခဲ့သည်။(၄ရာ၅း၁၅–၁၆၊ ၂၀–၂၄)

၁၀။ ဧလိရှဲ၏ကျွန်ကိုမည်သို့ဒဏ်ခတ်ခဲ့ရသနည်း။
သူသည် နူနာစွဲခဲ့သည်။ (၄ရာ ၅း၂၅–၂၇)

*ရွှေကျမ်းချက်။ ။ ‘‘ဧလိယကိုးကွယ်သောဘုရားသခင် ထာဝရဘုရားသည် အဘယ်မှာရှိတော်မူသနည်း။’’ (၄ရာ ၂း၁၄)*



## သင်ခန်းစာ (၁၂)
# ဧလိရှဲက ဣသရေလလူမျိုးများအပေါ် အစာကိုကတိပေးခြင်း
*၄ ဓမ္မ ၆ - ၇*

၁။ ဘုရားသခင်က အဘယ်ကြောင့်ဧလိယအား ဆိုးသွမ်းသော ဣသရေလလူမျိုးများဆီသို့ စေလွှတ်ခဲ့သနည်း။
ထိုနေရာတွင် ဘုရားသခင်၏လူများရှိနေသေးသောကြောင့်ဖြစ်သည်။ (၄ရာ ၆း၈–၁၀၊ cf ၁ရာ ၁၉း၁၈)

၂။ ရှုရိရှင်ဘုရင်က အဘယ်ကြောင့် ဧလိရှဲကို ဖမ်းဆီးရန် ကြိုးပမ်းခဲ့သနည်း။
ဧလိရှဲသည် ဣသရေလရှင်ဘုရင်ကို ကူညီခဲ့သောကြောင့်ဖြစ်သည်။ (၄ရာ ၆း၁၃–၁၄)

၃။ ဧလိရှဲကို ဖမ်းဆီးရန် ရောက်လာသော စစ်သားများအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်က သူတို့၏မျက်စိများကန်းစေခဲ့သည်။ (၄ရာ ၆း၁၈)

၄။ ရှုရိလူများသည် ဣသရေလလူများကို တိုက်ခိုက်ရန် ပြန်လာခဲ့ကြသလား။
လာခဲ့ကြသည်။ ဗိုလ်ခြေအပေါင်းတို့သည် ရှမာရိမြို့ကို ဝိုင်းရံထားခဲ့ကြသည်။ (၄ရာ ၆း၂၄)

၅။ ဤအမှုက မြို့သူမြို့သားများအား မည်သို့ဒုက္ခရောက်စေခဲ့သနည်း။
သူတို့မှာစားစရာမရှိခဲ့ကြပေ။ (၄ရာ ၆း၂၅)

၆။ သူတို့သည် အလွန်မွတ်သိပ်ခဲ့ကြသလား။
မွတ်သိပ်ခဲ့ကြသည်။ မိန်းမနှစ်ယောက်တို့က ကလေးတစ်ဦးကို သတ်စားခဲ့ကြသည်။(၄ရာ၆း၂၆–၃၀)

၇။ ဧလိရှဲက ရှင်ဘုရင်အား မည်သည့်အရာကို ကတိပေးခဲ့သနည်း။
နက်ဖြန်နေ့ယခုချိန်တွင် အစာပေါလိမ့်မည်ဟု ကတိပေးခဲ့သည်။ (၄ရာ ၇း၁)

၈။ ရှင်ဘုရင်သည် ဧလိရှဲကို ယုံကြည်ခဲ့သလား။
မယုံကြည်ခဲ့ပေ။ သူနှင့်သူ၏ကျွန်များက ဧလိရှဲကို သရော်ခဲ့ကြသည်။ (၄ရာ ၇း၂)

၉။ ဘုရားသခင်က ရှာမရိလူများအား မည်သို့အစာပေးခဲ့သနည်း။
ဘုရားသခင်က ရှုရလူများကို ထွက်ပြေးစေခဲ့သည်။ (၄ရာ ၇း၅–၇၊ ၁၄–၁၆)

၁၀။ ဧလိရှဲကို သရော်သော ကျွန်အပေါ် မည်သည့်အရာကိုဖြစ်ပျက်ခဲ့သနည်း။
သူသည် နင်းခြင်းကို ခံ၍သေလေသည်။ (၄ရာ ၇း၂၊ ၁၇–၂၀)

*ရွှေကျမ်းချက်။ ။ ‘‘ငါတပါးသည် ထာဝရဘုရားဖြစ်၍ ငါမှတပါးကယ်တင်နိုင်သောသခင်မရှိ။’’ (ဟေရှာ ၄၃း၁၁)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၃)

# ဣသရေလရှင်ဘုရင် ယေဟုအကြောင်း

*၄ ရာ ၉ – ၁၀*

၁။ ဧလိရှဲက ငယ်ရွယ်သောပရောဖက်အား ဣသရေလရှင်ဘုရင်အဖြစ် မည်သူ့ကို ဘိသိက်စေခဲ့သနည်း။
စစ်ဗိုလ်ကြီး ယေဟုကို ဘိသိက်စေခဲ့သည်။ ( ၄ရာ ၉း၂–၃)

၂။ ယေဟုသည် မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။
အာဟပ်အမျိုးအားလုံးကို သတ်ရမည်ဖြစ်သည်။ (၄ရာ ၉း၆–၁၀)

၃။ ဘုရားသခင်သည် ဤအမှုပြုရန် အဘယ်ကြောင့် မိန့်မှာခဲ့သနည်း။
အာဟပ်အမျိုးအားလုံးသည် အလွန်ဆိုးယုတ်ခဲ့ကြသောကြောင့်ဖြစ်သည်။(၄ရာ ၉း၇)

၄။ ယေဟုသည် ရှေးဦးစွာ မည်သူ့ကို သတ်ခဲ့သနည်း။
ဣသရေလရှင်ဘုရင်နှင့်ယုဒရှင်ဘုရင်ကို သတ်ခဲ့သည်။ (၄ရာ ၉း၂၁၊ ၂၄၊ ၂၇)

၅။ ယေဟုသည် ယုဒရှင်ဘုရင်ကို သတ်သောကြောင့် ဘုရားသခင်သည် ဝမ်းမြောက်ခဲ့သလား။
ဝမ်းမြောက်ခြင်းမရှိခဲ့ပေ။ ဘုရားသခင်က သူ့အား အာဟပ်အမျိုးများကို သတ်ရန်အတွက်သာ မိန့်မှာခဲ့သည်။ ( ဟောရှေ ၁း၄)

၆။ ယေဟုသည် ယေဇဗေလကိုလည်းသတ်ခဲ့သလား။
သတ်ခဲ့သည်။ သူက ကျွန်များအား သူမကို ပြတင်းပေါက်မှပစ်ချစေခဲ့သည်။(၄ရာ ၉း၃၀–၃၃)

၇။ ယေဇဗေလ၏အလောင်းသည် မည်သို့ဖြစ်ပျက်ခဲ့သနည်း။
ယေဇဗေလ၏အသားကို ခွေးများက ကိုက်စားခဲ့ကြသည်။ (၄ရာ ၉း၃၅–၃၇)

၈။ အာဟပ်၏အမျိုးအားလုံးအသတ်ခံခဲ့ကြသလား။
ခံခဲ့ကြသည်။ သူ၏ သား ၇၀ တို့သည် လည်ပင်းဖြတ်ခြင်းခံခဲ့ရကြသည်။(၄ရာ ၁၀း၆–၈)

၉။ ယေဟုသည် ဘုရားသခင်ကို ကိုးကွယ်သူအဖြစ် မည်သို့ဟန်ဆောင်ခဲ့သနည်း။
သူသည် ဗာလဘုရားကိုးကွယ်သူများကို သတ်ခဲ့သည်။ (၄ရာ ၁၀း၁၈–၂၈)

၁၀။ ယေဟုသည် ဘုရားသခင်ကို ကိုးကွယ်ခဲ့သလား.
မကိုးကွယ်ခဲ့ပေ။ သူသည် ဣသရေလလူများအား ရုပ်တုကို တဖန်ကိုးကွယ်စေခဲ့သည်။ (၄ရာ ၁၀း၂၉၊ ၃၁)

*ရွှေကျမ်းချက်။ ။“မတရားသောသူပူဇော်သောယဇ်ကို ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏။” (သုတ္တံ ၁၅း၈)*



## သင်ခန်းစာ (၁၄)

# ပရောဖက်ယောနအကြောင်း

*ယောနဝတ္ထု*

၁။ ဘုရားသခင်က ယောနအားမည်သည့်အရာကို လုပ်ဆောင်ရန် စေခိုင်းခဲ့သနည်း။
“သင်ထ၍နိနေဝေမြို့ကြီးသို့သွားပြီးလျှင်၊ ခြိမ်းချောက်သောစကားနှင့်ကြွေးကြော်လော့။”(ယောန ၁း၂)

၂။ ယောနသည် နိနေဝေမြို့သို့သွားခဲ့သလား။
မသွားခဲ့ပေ။ သူသည် အခြားနေရာသို့ ထွက်ပြေးခဲ့သည်။ (ယောန ၁း၃)

၃။ ယောနသည် သင်္ဘောစီးနေစဉ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် ပင်လယ်ထဲသို့ မိုးသက်မုန်တိုင်းစေလွှတ်ခဲ့သည်။ ( ယောန ၁း၄–၅)

၄။ သင်္ဘောသားများက ယောနအား မည်သို့ပြုခဲ့ကြသနည်း။
သူတို့သည် ယောနအား ပင်လယ်ထဲသို့ ပစ်ချခဲ့ကြသည်။ (ယောန ၁း၉–၁၂၊ ၁၅)

၅။ ယောနသည် ရေထဲတွင် သေဆုံးခဲ့သလား။
ဘုရားသခင်က သူ့အား မျိုချရန် ငါးကြီးကို ပြင်ဆင်ခဲ့သည်။ (ယောန ၁း၁၇ cf မဿဲ ၁၂း၄၀)

၆။ သူသည် ငါးကြီးထဲတွင် သေဆုံးခဲ့သလား။
မသေခဲ့ပေ။ သုံးရက်ကြာသွားခဲ့ပြီးနောက် ငါးကြီးက သူ့အား ကုန်းပေါ်သို့ပြန်အန်ချခဲ့သည်။ (ယောန ၁း၁၇၊ ၂း၁၀)

၇။ ထိုအချိန်ကစပြီး ယောနသည် ဘုရားသခင်၏စကားကို နားထောင်ခဲ့သလား။
နားထောင်ခဲ့သည်။ သူသည် နိနေဝေမြို့သို့သွား၍ ဘုရားသခင်က သူတို့သည် နောက်တမရလျှင် ဘုရားသခင်သည် သူတို့ကို ဖျက်ဆီးမည်ဟုကြွေးကြော်ခဲ့သည်။(ယောန ၃း၂–၄)

၈။ နိနေဝေမြို့သည် ပျက်ဆီးခြင်းခံခဲ့ရသလား။
လူကြီးလူငယ်အပေါင်းတို့သည် နောင်တရခဲ့ကြသောကြောင့် နိနေဝေမြို့သည် ပျက်ဆီးခြင်းမခံခဲ့ပေ။ (ယောန ၃း၅၊ ၁၀ cf မဿဲ ၁၂း၄၁)

၉။ နိနေဝေမြို့သည် ပျက်ဆီးခြင်းမှလွတ်မြောက်သောကြောင့် ယောနသည် ဝမ်းမြောက်ခဲ့သလား။
ဝမ်းမြောက်ခြင်းမရှိခဲ့ပေ။ သူသည် အလွန် စိတ်ဆိုးခဲ့သည်။ (ယောန ၄း၁)

၁၀။ ယေနသည် စိတ်ဆိုးမှုအပေါ် ဘုရားသခင်က မည်သို့အကြံပြုခဲ့သနည်း။
ထိုမြို့တွင် ဘုရားသခင်၏သမ္မာတရားကို မကြားရသေးသော လူများစွာရှိခဲ့ကြောင်း အကြံပြုခဲ့သည်။ (ယောန ၄း၁၁)

*ရွှေကျမ်းချက်။ ။ “ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။” (ယောဟန် ၁၀း၂၇)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၅)

## ယုဒရှင်ဘုရင်– ယောရှအကြောင်း

*၆ ရာ ၂၂ - ၂၄*

၁။ အာသလိသည် မည်သူဖြစ်သနည်း။
ဆိုးသွမ်းသော ဟာဟပ်ဘုရင်၏သမီးဖြစ်သည်။ ( ၆ရာ ၂၂း၁–၂၊ ၄ရာ ၈း၁၆–၁၈)

၂။ အာသလိသည် မည်သို့ဘုရင်မဖြစ်ခဲ့ရသနည်း။
သူမသည် သူမ၏ဆွေတော်မျိုးတော်အပေါင်းတို့ကို သတ်ခဲ့သည်။ (၆ရာ ၂၂း၁၀)

၃။ အာသလိသည် သူတို့အားလုံးကို သတ်နိုင်ခဲ့ကြသလား။
မသတ်နိုင်ခဲ့ကြပေ။ ယောရှကို ဗိမာန်တော်ထဲ၌ ဖွက်ထားကြသည်။ (၆ရာ ၂၂း၁၁–၁၂)

၄။ ယောရှသည် မည်သည့်အချိန်တွင် ရှင်ဘုရင်ဖြစ်ခဲ့ရသနည်း။
သူသည် အသက်ခုနစ်မြောက်သောအခါ ရှင်ဘုရင်ဖြစ်လာခဲ့သည်။ (၆ရာ ၂၃း၁၊ ၂၄း၁)

၅။ ယောရှသည် ရှင်ဘုရင်ဖြစ်လာရန် မည်သူက ကူညီခဲ့သနည်း။
ဘုရားသခင်ကို ကြည်ညိုသောယဇ်ပုရောဟိတ်– ယောယဒက ကူညီခဲ့သည်။ (၆ရာ ၂၃း၁–၃၊၁၁)

၆။ အာသလိအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူမသည် သတ်ခြင်းခံခဲ့ရသည်။ (၆ရာ ၂၃း၁၂ ff)

၇။ ယောရှသည် မှန်ကန်သောအမှုကို လုပ်ဆောင်ခဲ့သလား။
သူသည် ယောယဒအသက်ရှင်နေသရွေ့ မှန်ကန်သောအမှုကို လုပ်ဆောင်ခဲ့သည်။(၆ရာ၂၄း၂)

၈။ ယောရှသည် မည်သို့သောကောင်းမှုကုသိုလ်ကို ပြုခဲ့သနည်း။
သူသည် ဗိမာန်တော်ကို ပြန်လည်ပြုပြင်ခဲ့သည်။ (၆ရာ ၂၄း၄–၅၊ ၁၁–၁၄)

၉။ ယဇ်ပုရောဟိတ်သေသွားခဲ့ပြီးနောက် ယောရှသည် မည်သည့်အရာပြုခဲ့သနည်း။
သူသည် ရုပ်တုကို ကိုးကွယ်ခဲ့သည်။ (၆ရာ ၂၄း၁၇–၁၈)

၁၀။ ယောရှသည် အခြားမည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်း။
သူက ပရောဖက်ယောယဒ ကို သတ်ခဲ့သည်။ (၆ရာ ၂၄း၂၀–၂၂)

*ရွှေကျမ်းချက်။ ။“အမြင့်ဆုံးသော ဘုရား၏ကွယ်ကာရာဌာနတော်၌နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကို ခိုလှုံရလိမ့်မည်။” (ဆာလံ ၉၁း၁)*



## သင်ခန်းစာ (၁၆)

## ယုဒရှင်ဘုရင် ဟေဇကိအကြောင်း

*၄ ရာ ၁၆ –၂၀ နှင့် ၆ ရာ ၂၉ – ၃၂*

၁။ အခြားကောင်းသော ယုဒရှင်ဘုရင်သည် မည်သူဖြစ်သနည်း
ယုဒပြည်၌ အကောင်းဆုံးသောရှင်ဘုရင်သည် ဟေဇကိမင်းကြီးဖြစ်သည်။ (၄ရာ ၁၈း၁–၇၊ ၆ရာ ၃၂း၃၂–၃၃)

၂။ ဟေဇကိသည် ရှင်ဘုရင်ဖြစ်လာသောအခါ လူတွေက ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြသလား။
မကိုးကွယ်ခဲ့ကြပေ။ ဗိမာန်တော်တံခါးများကို ပိတ်ပင်ခဲ့ကြသည်။ (၄ရာ ၁၆း၈၊ ၁၄၊ ၁၈ ၆ရာ ၂၈း၂၄၊ ၂၉း ၆–၇)

၃။ ဟေဇကိရှင်ဘုရင်က လူတွေအားဘုရားသခင်ကို ကိုးကွယ်စေလိုခဲ့သလား။
ကိုးကွယ်စေလိုခဲ့သည်။ သူသည် ဗိမာန်တော်တံခါးများကို ဖွင့်ခဲ့သည်။ (၆ရာ ၂၉း၃)

၄။ ဟေဇကိရှင်ဘုရင်သည် ရုပ်တုများအပေါ် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ရုပ်တုများကို ဖျက်ဆီးခဲ့သည်။ (၆ရာ ၁၈း၄)

၅။ ဟေဇကိသည် ဘုရားသခင်ကို ကိုးကွယ်ရန် မြင့်သောအရပ်များကို ပယ်ခဲ့သလား။
ပယ်ခဲ့သည်။ ဟေဇကိညွှန်ကြားသည့်အတိုင်း ဘုရားသခင်ကို ကိုးကွယ်ရမည်ဖြစ်သည်။ (၄ရာ ၁၈း၄၊၂၂ cf တရား ၁၂း၃၂)

၆။ ဟေဇကိဘုရင်သည် ယုဒလူများအား ဘုရားသခင်ကိုကိုးကွယ်စေလိုသောစိတ်ကို အခြားမည်သို့ ထင်ရှားစေခဲ့သနည်း။
သူသည် ပသခါပွဲကြီးကို ကျင်းပခဲ့သည်။ (၆ရာ ၃၀း၁)

၇။ ဟေဇကိဘုရင်သည် ထိုပွဲသို့ ယုဒလူများကို သာဖိတ်ခေါ်ခဲ့သလား။
သူသည် မြောက်ပိုင်းနိုင်ငံတွင် ရှိသော ဣသရေလလူများကိုလည်းဖိတ်ခေါ်ခဲ့သည်။(၆ရာ ၃၀း၁–၂)

၈။ ဟေဇကိဘုရင်သည် ဣသရေလများကို ဖိတ်ခေါ်သောအခါ သူတို့သည် လာခဲ့ကြသလား။
လူအများစုတို့က ငြင်းဆိုကြသော်လည်း လူအများအပြား လာခဲ့ကြသည်။(၆ရာ ၂၀း၁၀–၁၃)

၉။ ဟေဇကိ အုပ်စိုးနေသောအချိန်တွင် ဣသရေလနိုင်ငံအပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူတို့၏အပြစ်ကြောင့် ဘုရားသခင်က သူတို့ကို ကျွန်ခံစေခဲ့သည်။ (၄ရာ ၁၈း၁၀–၁၁၊ ၁၇း၅–၆)

၁၀။ ဣသရေလလူများသည် (ဥပမာအားဖြင့်၊ မြောက်ပိုင်နိုင်ငံတွင်ရှိသောလူမျိုးဆယ်မျိုး) သူတို့၏အိမ် သို့ ပြန်လာခဲ့ကြသလား။
လူအများစုတို့သည် ပြန်မလာခဲ့ကြပေ။ ( Cf တမန် ၂း၅–၁၁)

*ရွှေကျမ်းချက်။ ။“ထာဝရဘုရားသည် အကြင်အမျိုး၏ဘုရားဖြစ်၍ အကြင်လူစုကို မိမိအမွေဥစ္စာဘို့ရွေးကောက်တော်မူ၏။ ထိုအမျိုးနှင့်ထိုလူစုသည် မင်္ဂလာရှိ၏။” (ဆာလံ ၃၃း၁၂)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၇)

# ဟေဇကိ နာမကျန်းဖြစ်ခြင်း

*ဟေရှာ ၃၆ – ၃၉*

၁။ မည်သူသည် ဟေဇကိကို တိုက်ခိုက်ရန် ရောက်ရှိလာခဲ့ကြသနည်း။
အာရှုရိရှင်ဘုရင်နှင့်သူ၏လူများသည် ဟေဇကိကို တိုက်ခိုက်ရန် ရောက်ရှိလာခဲ့ကြသည်။(ဟေရှာ ၃၆း၁)

၂။ အာရှုရိရှင်ဘုရင်သည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် လူတွေကို ခွန်အားပေးရန် သံတမန်များစေလွှတ်၍ ဟေဇကိထံသို့စာတစ်စောင်ပေးပို့ခဲ့သည်။ (ဟေရှာ ၃၆း၄–၇၊ ၁၃–၁၈၊ ၃၇း၈–၁၄)

၃။ စာထဲတွင် မည်သည့်အကြောင်းအရာများကို ရေးထားခဲ့သနည်း။
ဘုရားသခင်သည် ဟေဇကိကို မကူညီကြောင်းကို ရေးထားခဲ့သည်။ (ဟေရှာ ၃၇း၁၀)

၄။ ဟေဇကိက ထိုစာကို မည်သို့လုပ်ဆောင်ခဲ့သနည်း။
သူသည် ထိုစာကိုဘုရားသခင်၏ရှေ့မှောက်တွင် ဖြန့်ထား၍ဆုတောင်းခဲ့သည်။(ဟေရှာ၃၇း၁၄ – ၁၅)

၅။ ဟေရှာယက ဟေဇကိအား မည်သည့်အရာကိုလုပ်ဆောင်ရန် ပြောခဲ့သနည်း။
ဟေရှာယက ဟေဇကိအား ဘုရားသခင်ကိုသာ ကိုးစားရန် ပြောခဲ့သည်။(ဟေရှာ ၃၇း၅–၆၊ ၄ရာ ၁၉း၂၀–၂၁၊ ၃၂–၃၄)

၆။ ဘုရားသခင်က ဟေဇကိအား မည်သို့ကူညီခဲ့သနည်း။
သူက အာရှုရိတပ်များကို သတ်ခဲ့သည်။ (ဟေရှာ ၃၇း၃၆)

၇။ ဤအချိန်တွင် ဟေဇကိအပေါ်မည်သည့်အရာကို ဖြစ်ပျက်ခဲ့သနည်း။
သူသည် အလွန်နာမကျန်းဖြစ်ခဲ့ရသည်။ ( ဟေရှာ ၃၈း၁)

၈။ ဟေဇကိသည် နာမကျန်းဖြစ်သောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ကျန်းမာရန် ဆုတောင်းခဲ့သည်။ (ဟေရှာ ၃၈း၂–၃)

၉။ ဘုရားသခင်သည် သူ၏ဆုတောင်းသံကို အဖြေပေးခဲ့သလား။
ပေးခဲ့ပါသည်။ ဘုရားသခင်က သူ့ကို ကျန်းမာစေခဲ့ပြီး၊ သားယောကျ်ားတစ်ယောက်လည်း ပေးခဲ့သည်။ (ဟေရှာ ၃၈း၄–၅၊ ၄ရာ ၂၀း၂၁)

၁၀။ ဤသားသည် မည်သူဖြစ်သနည်း။
မနာရှေဖြစ်သည်။ (၄ရာ ၂၀း၂၁–၂၁း၁)

*ရွှေကျမ်းချက်။ ။ "ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ငါသည် အဘယ်သူကိုကြောက်ရအံ့နည်း။" (ဆာလံ ၂၇း၁)*



## သင်ခန်းစာ (၁၈)

# ယုဒရှင်ဘုရင် – မနာရှေအကြောင်း

*၆ ရာ ၃၃*

၁။ ဟေဇကိသေသွားပြီးနောက် မည်သူသည် ရှင်ဘုရင်ဖြစ်လာခဲ့သနည်း။
သူ၏သား–မနာရှေသည် ရှင်ဘုရင်ဖြစ်လာခဲ့သည်။ (၆ရာ ၃၃း၁)

၂။ မနာရှေသည် ကောင်းသောရှင်ဘုရင်ဖြစ်ခဲ့သလား။
မဖြစ်ခဲ့ပေ။ သူသည် အလွန်ဆိုးသွမ်းခဲ့သည်။ (၆ရာ ၃၃း၂–၅)

၃။ မနာရှေသည် မည်သည့်ဆိုးသွမ်းသေအမှုကို ပြုခဲ့သနည်း။
သူသည် မိမိသားသမီးများကို ရုပ်တုများကို ကိုးကွယ်စေခဲ့သည်။(၆ရာ ၃၃း၆)

၄။ မနာရှေသည် ဘုရားသခင်အပေါ်အခြားမည်သို့သောအပြစ်မျိုးကို ပြုမိခဲ့သနည်း။
သူသည် ဘုရားသခင်၏လူများကို သတ်ခဲ့သည်။ (၆ရာ ၂၁း၁၆)

၅။ ဘုရားသခင်သည် မနာရှေကို မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်က သူ့ကို ဗာဗုလုန်နိုင်ငံတွင် ထောင်ကျစေခဲ့သည်။ (၆ရာ ၃၃း၁၁)

၆။ ဘုရားသခင်သည် ထောင်ထဲတွင် မနာရှေအပေါ်မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
ဘုရားသခင်က သူအား သူ၏အပြစ်များအတွက် ဝမ်းနည်းစေခဲ့သည်။ (၆ရာ ၃၃း၁၂)

၇။ မနာရှေသည် ထောင်ထဲ၌ နေရစ်ခဲ့သလား။
မနေရစ်ခဲ့ပေ။ သူသည် တဖန် ရှင်ဘုရင်ဖြစ်ခဲ့ရသည်။ (၆ရာ ၃၃း၁၃)

၈။ မနာရှေသည် နောင်တရကြောင်း မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် ဗိမာန်တော်ထဲတွင် ရှိသော ရုပ်တုများကို ဖယ်ရှားခဲ့သည်။ (၆ရာ ၃၃း၁၅)

၉။ မနာရှေသည် ဘုရားသခင်ကို ပြန်လည်ကိုးကွယ်ခဲ့သလား။
ကိုးကွယ်ခဲ့သည်။ ယဇ်ပရောဟိတ်များက ဘုရားသခင်အား တဖန်ယဇ်ပူဇော်ခဲ့သည်။ (၆ရာ ၃၃း၁၆)

၁၀။ လူတွေက အမှန်နောင်တရခဲ့ကြသလား။
မရခဲ့ကြပေ။ သူတို့သည် သူတို့၏အပြစ်နှံ့ထဲသို့ မကြာမီပြန်လှည့်ခဲ့ကြသည်။(၆ရာ ၃၃း၁၇)

*ရွှေကျမ်းချက်။ ။ "အိုထာဝရဘုရား၊ အကျွန်ုပ်၌အပြစ်များလှသောကြောင့် နာမတော်ကို ထောက်၍ ချမ်းသာပေးတော်မူပါ။" (ဆာလံ ၂၅း၁၁)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၉)
# ယုဒရှင်ဘုရင်– ယောရှိအကြောင်း
*၄ ရာ ၂၂ – ၂၃*

၁။ နောက်ဆုံးသော ယုဒရှင်ဘုရင်သည် မည်သူဖြစ်သနည်း။
ယောရှိရှင်ဘုရင်ဖြစ်သည်။ ( ၄ရာ ၂၂း၁–၂၊ ၂၃း၂၅)

၂။ ယောရှိဘုရင်သည် ဘုရားသခင်ကို ကြောက်ရွံ့ဖြစ်ကြောင်းကို မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် ရုပ်တုများကို ပယ်ဖျက်ခဲ့သည်။ (၄ရာ ၂၃း၆၊၂၄၊ ၆ရာ ၃၄း၃–၄)

၃။ ယောရှိဘုရင်သည် ဗိမာန်တော်ကြီးကို ပြုပြင်ခဲ့သလား။
ပြုပြင်ခဲ့သည်။ သူသည် ဗမာန်တော်ပြုပြင်ရန် လူတွေကို ငှါးရမ်းခဲ့သည်။ (၄ရာ ၂၂း၃–၆)

၄။ ယဇ်ပရောဟိတ်ကြီးဟိလခိသည် ဗိမာန်တော်ထဲတွင်မည်သည့်အရာကို တွေ့ရှိခဲ့သနည်း။
ပညတ္တိကျမ်းစာစောင်ကို တွေ့ရှိခဲ့သည်။ (၄ရာ ၂၂း၈၊ cf ၆ရာ ၃၄း၁၄–၁၅)

၅။ ရှင်ဘုရင်သည် ပညတ္တိကျမ်းစာကို မည်သို့ လုပ်ဆောင်ခဲ့သနည်း။
သူသည် လူတွေရှေ့မှောက်တွင် ပညတ္တိကျမ်းစာကို ဖတ်ရွတ်ခဲ့သည်။ (၄ရာ ၂၃း၁–၂)

၆။ ယောရှိကလူတွေအားမည်သည့်အရာကို လုပ်ဆောင်ဖို့ရန် စေခိုင်းခဲ့သနည်း။
ပသခါပွဲကိုကျင်းပကြရန် စေခိုင်းခဲ့သည်။ (၄ရာ ၂၃း၂၁)

၇။ ပသခါကြီးကျင်းပရာတွင် လူတွေစည်ကားခဲ့ကြသလား။
စည်ကားခဲ့သည်။ထိုသို့သောပွဲကို တခါမျှမကျင်းပနိုင်ခဲ့ကြပေ။ (၄ရာ ၂၃း၂၂–၂၃)

၈။ ယောရှိသည် မည်ကဲ့သို့သေခဲ့ရသနည်း။
သူသည် စစ်မြေပြင်ထဲတွင် အသတ်ခံခဲ့ရသည်။ (၄ရာ ၂၃း၂၉–၃၀၊ ၆ရာ ၃၅း၂၀–၂၄)

၉။ လူတွေက ဘုရားသခင်ကို ဆက်ပြီးကိုးကွယ်ခဲ့ကြသလား
မကိုးကွယ်ခဲ့ကြပေ။ လူတို့သည် ပို၍ဆိုးသွမ်းလာခဲ့ကြသည်။ (၆ရာ ၃၆း၁၄–၁၆)

၁၀။ ဘုရားသခင်သည် လူတွေကို မည်သို့သတိပေးတိုက်တွန်းခဲ့သနည်း။
ဘုရားသခင်သည် ဣသရေလလူမျိုးများကို ဒဏ်ခတ်သည့်နည်းတူ၊ ယုဒလူမျိုးကိုလည်း
ဒဏ်ခတ်မည့်သတိမျိုးကို ပေးခဲ့သည်။ (၄ရာ ၂၃း၂၆–၂၇)

*ရွှေကျမ်းချက်။ ။“နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီး လင်းစေပါ၏။” (ဆာလံ ၁၁၉း၁၀၅)*



## သင်ခန်းစာ (၂၀)
# ပရောဖက် ယေရမိအကြောင်း
*ယေရ ၁၊ ၂၅၊ ၃၇–၃၉ နှင့် ၄၃*

၁။ ယေရမိသည် မည်သူဖြစ်သနည်း။
သူသည် ယုဒပြည်၌ ပရောဖက်တစ်ပါးဖြစ်ခဲ့သည်။ (ယေရ ၁း၁၊ ၄–၅)

၂။ ဘုရားသခင်သည် မည်သည့်အချိန်တွင် ယေရမိအားပရောဖက်ဖြစ်ရန် မိန့်တော်မူခဲ့သနည်း။
သူသည် ငယ်ရွယ်သောအချိန်တွင် ဘုရားသခင်က သူ့ကို မိန့်တော်မူခဲ့သည်။(ယေရ ၁း၆–၇)

၃။ ယေရမိသည် ယေရုရှလင်အကြောင်းကို မည်သို့ပြောခဲ့သနည်း။
ယေရုရှလင်မြို့သည် မီးလောင်ကျွမ်းလိမ့်မည် ဟုသူက ပြောခဲ့သည်။ (ယေရ ၃၇း၆–၁၁)

၄။ ယေရမိက လူတွေအပေါ်မည်သည့်အရာဖြစ်ပျက်မည်ဟု ပြောခဲ့သနည်း။
သူတို့သည် ဗာဗုလုန်နိုင်ငံသို့ သိမ်းသွားခြင်းခံရမည်ဟု ပြောခဲ့သည်။ (ယေရ ၃၇း၁၇၊၃၈း၂–၃)

၅။ ရှင်ဘုရင်နှင့်ယဇ်ပရောဟိတ်များသည် ယေရမိကို ယုံကြည်ခဲ့ကြသလား။
မယုံကြည်ခဲ့ကြပေ။ သူတို့သည် သူ့ကို အလွန်စိတ်ဆိုးခဲ့ကြသည်။ (ယေရ ၃၈း၄–၅)

၆။ ယေရမိသည် မည်သို့ ဆင်းရဲဒုက္ခမျိုးကို ခံစားခဲ့ရသနည်း။
သူသည် မြေတွင်း၌ ပစ်ချခြင်းခံခဲ့ရသည်။ (ယေရ ၃၈း၆)

၇။ ဘုရားသခင်သည် သူပြောခဲ့သည့်အတိုင်း လူတွေကို ဒဏ်ခတ်ခဲ့သလား။
ဒဏ်ခတ်ခဲ့သည်။ သူတို့သည် ဗာဗုလုန်နိုင်ငံသို့ သိမ်းသွားခြင်းခံခဲ့ရသည်။ (ယေရ ၃၉း၆–၉)

၈။ ယေရမိသည် သူတို့နှင့်အတူလိုက်လာခဲ့သလား။
မလိုက်ခဲ့ပေ။သူနှင့်လူအချို့တို့သည် ယေရုရှလင်မြို့တွင် ကျန်ရစ်ခဲ့ကြသည်။(ယေရ ၃၉း၁၁–၁၄)

၉။ ယေရမိသည် ယေရုရှလင်မြို့တွင်သေသည့်အထိ နေထိုင်ခဲ့သလား။
မနေထိုင်ခဲ့ပေ။လူတွေက သူ့ကို အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားခဲ့ကြသည်။(ယေရ ၄၃း၄–၇)

၁၀။ ယေရမိက ကျွန်ခံသောနေရာတွင် လူတွေအား မည်သည့်အရာကို ကတိပေးခဲ့သနည်း။
နှစ်ပေါင်း ၇၀ကုန်သွားပြီးနောက်၊ ဘုရားသခင်သည် သူတို့ကို ဣသရေလပြည်သို့ ပြန်ပို့လိမ့်မည်
ဟု ကတိပေးခဲ့သည်။ (ယေရ ၂၅း၁၁)

*ရွှေကျမ်းချက်။ ။ “ထာဝရဘုရားသည် သနားတော်မူ၍၊ ကရုဏာတော်သည် မကုန်သော ကြောင့်၊ ငါတို့သည်ဆုံးရှုံးခြင်းသို့မရောက်ဘဲနေကြ၏။” (ယေရမိမြည် ၃း၂၂)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၁)
## ဒံယေလနှင့် သူ၏သူငယ်ချင်းများအကြောင်း

*ဒံယေလ ၁ - ၄*

၁။ ယုဒလူမျိုးများနှင့်အတူ မည်သူတွေက ဗာဗုလုန်နိုင်ငံသို့ သိမ်းသွားခြင်းခံခဲ့ရသနည်း။
ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက်တို့သည် ဗာဗုလုန်နိုင်ငံသို့ သိမ်းသွားခြင်းခံခဲ့ရသည်။ (ဒံ ၁း၁–၄၊ ၆–၇)

၂။ ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက်တို့သည် မည်သို့သောသူများဖြစ်လာခဲ့ကြသနည်း။
သူတို့သည် နန်းတော်၌အမှုထမ်းသောသူများဖြစ်ခဲ့ကြသည်။ (ဒံ ၁း၁၀၊ ၂း၄၈–၄၉၊ ၆း၁–၃)

၃။ ဘုရားသခင်သည် သူတို့နှင့်အတူပါရှိကြောင်း မည်သို့ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်က သူတို့ကို ဗာဗုလုန်ပြည်တွင် ပညာရှိဆုံးသောသူများဖြစ်စေခဲ့သည်။ (ဒံ ၁း၇–၂၀)

၄။ ဒံယေလသည် သူ၏ပညာကို မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် နေဗုဒ်ခဒ်နေဇာမင်း၏အိပ်မက်ကို အနက်ဖွင့်ပေးခဲ့သည်။(ဒံ ၂း၁၊ ၁၉၊၂၈–၂၉၊ ၄၇)

၅။ နေဗုဒ်ခဒ်နေဇာမင်းသည် မည်သို့သောအိပ်မက်မျိုးကို မြင်မက်ခဲ့သနည်း။
သူသည်ကျောက်တစ်လုံးဖျက်ဆီးသော ရုပ်တုကြီးတစ်ခုကို မြင်မက်ခဲ့သည်။ (ဒံ ၂း၃၁–၃၅)

၆။ အိပ်မက်၏အနက်အဓိပ္ပါယ်သည်မည်သည့်အရာဖြစ်သနည်း။
ခရစ်တော်သည် ဆိုးသွမ်းသောလူမျိုးအားလုံးဖျက်ဆီးလိမ့်မည်ကို ဖော်ပြလိုခြင်းဖြစ်သည်။ (ဒံ ၂း၃၅–၄၆၊ cf ဆာလံ ၂း၉၊ ဆာလံ ၁၁၀း ၁ကော ၁၅း၂၄–၂၅၊ ဗျာဒိတ် ၁၇း၁၂–၁၈)

၇။ ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက်တို့သည် ဗာဗုလုန်တွင် ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြသလား။
ကိုးကွယ်ခဲ့ကြသည်။ သူတို့သည် ရှင်ဘုရင်၏ရုပ်တုကို မကိုးကွယ်ခဲ့ကြပေ။ (ဒံ ၃း၄–၅ ၊ ၈–၁၈)

၈။ ဤအမှုအတွက် ရှင်ဘုရင်က သူတို့ကို ဒဏ်ခတ်ခဲ့သလား။
ဒဏ်ခတ်ခဲ့ပါသည်။ ရှင်ဘုရင်က သူတို့ကို မီးလောင်လျက်ရှိသော မီးဖိုထဲသို့ ပစ်ချခဲ့သည်။ (ဒံ ၃း၁၉–၃၂)

၉။ သူတို့သည် မီးဖိုထဲတွင် လောင်ကျွမ်းခဲ့ကြသလား။
မလောင်ကျွမ်းခဲ့ကြပေ။ ဘုရားသခင်က "သူ၏သားတော်နှင့်တူသော"(ဒံ ၃း၂၅) လူတစ်ယောက်ကို မီးဖိုထဲသို့ သူတို့နှင့်အတူနေရန်စေလွှတ်ခဲ့သည်။ (ဒံ ၃း၂၄–၂၇)

၁၀။ ဘုရားသခင်သည် ဝါကြွားသောကြောင့် မည်သို့ဒဏ်ခံခဲ့သနည်း။
ဘုရားသခင်က သူ့အား တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အသက်ရှင်စေခဲ့သည်။ (ဒံ ၄း၂၃–၃၃)

*ရွှေကျမ်းချက်။ ။"အကျွန်ုပ်ကိုးကွယ်သောဘုရားသခင်သည် မီးလောက်လျက်ရှိသော မီးဖိုထဲက အကျွန်ုပ်တို့ကို ကယ်လွှတ်နိုင်တော်မူ၏။" (ဒံ ၃း၁၇)*



## သင်ခန်းစာ (၂၂)
## ခြင်္သေ့တွင်းထဲတွင်ရှိသော ဒံယေလအကြောင်း

*ဒံယေလ ၆*

၁။ ဒံယေလသည် ဗာဗုလုန်နိုင်ငံတွင် ဆုတောင်းခဲ့သလား။
ဆုတောင်းခဲ့သည်။ သူသည် ယေရုရှလင်မြို့ကို ကြည့်၍ တနေ့သုံးကြိမ်ဆုတောင်းခဲ့သည်။ (ဒံ ၆း၁၀)

၂။ ဒံယေလသည် ယေရုရှလင်မြို့ကို ကြည့်၍အဘယ်ကြောင့်ဆုတောင်းခဲ့သနည်း။
ယေရုရှလင်မြို့သည် ဘုရားသခင်၏ သစ္စာနှင့်အတူပါရှိခြင်းကို ကိုယ်စားပြုသောကြောင့် ဖြစ်သည်။ (Cf ဆာလံ ၄၈း၁–၃၊ ၁၃၂း၁၃၊ ဟေရှာ ၂း၂–၃)

၃။ အခြားသောနန်တွင်းအမှုဆောင်များက ဒံယေလကို မနာလိုခဲ့ကြသလား။
မနာလိုခဲ့ကြသည်။ သူတို့သည် ဒံယေလကို သတ်လိုခဲ့ကြသည်။ (ဒံ ၆း၃–၅)

၄။ သူတို့သည် ဒံယေလကို သတ်ရန် မည်သို့ကြိုးပမ်းခဲ့ကြသနည်း။
သူတို့သည် ရှင်ဘုရင်အား အလွန်ဆိုးသွမ်းသော အမိန့်ကို ထုတ်ပြန်စေခဲ့သည်။ (ဒံ ၆း၆–၇)

၅။ ဆိုးသွမ်းသောအမိန့်သည်မည်သည့်အရာဖြစ်သနည်း။
လူအားလုံးက ရှင်ဘုရင်ကိုသာကိုးကွယ်ရမည်ဟူသောအမိန့်ဖြစ်သည်။ (ဒံ ၆း၈–၉)

၆။ ဒံယေလသည် ရှင်ဘုရင်စကားကိုနားထောင်ခဲ့သလား။
နားမထောင်ခဲ့ပေ။ သူသည် ရှေးအတိုင်း ဘုရားသခင်ထံဆုတောင်းခဲ့သည်။(ဒံ ၆း၁၀)

၇။ ဒံယေလသည် ရှင်ဘုရင်ကို ကိုးကွယ်ရန် ငြင်းဆိုသောကြောင့် မည်သို့ဒဏ်ခံခဲ့သနည်း။
ရှင်ဘုရင်က သူ့အား ခြင်္သေ့တွင်းထဲသို့ ပစ်ချခဲ့သည်။ (ဒံ ၆း၁၂–၁၇)

၈။ ခြင်္သေ့များက ဒံယေလကို ကိုက်စားခဲ့ကြသလား။
မစားခဲ့ကြပေ။ ဘုရားသခင်သည် ခြင်္သေ့များ၏ပါးစပ်ကို ပိတ်ခဲ့သည်။ (ဒံ ၆း ၂၀–၂၂)

၉။ ရှင်ဘုရင်က ဆိုးသွမ်းသော နန်းတော်ဝန်ထမ်းများအပေါ် မည်သည့်အရာကို ပြုစေခဲ့သနည်း။
ရှင်ဘုရင်က သူတို့အား ခြင်္သေ့တွင်းထဲသို့ ပစ်ချခဲ့သည်။ (ဒံ ၆း ၂၄)

၁၀။ ခြင်္သေ့များက သူတို့ကို ကိုက်စားခဲ့ကြသလား။
သူတို့သည် မြေပေါ်သို့မရောက်မီခြင်္သေ့များကသူတို့ကို ကိုက်စားခဲ့ကြသည်။ (ဒံ ၆း ၂၄)

*ရွှေကျမ်းချက်။ ။"လူ၏စကားထက်ဘုရားသခင်၏စကားတော်ကို နားထောင်သင့်ပါ၏။" (တမန် ၅း၂၉)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၂၃)

## ဗာဗုလုန်နိုင်ငံမှ ပြန်လာခြင်း

*ဧဇရာမှတ်စာ ၁ – ၆*

၁။ ယုဒလူမျိုးများသည် ဗာဗုလုန်နိုင်ငံတွင် နှစ်ပေါင်းမည်မျှကြာခဲ့သနည်း။
နှစ်ပေါင်း ၇၀ ခန့်ကြာနေခဲ့ကြသည်။ ( ဒံ ၉း၂)

၂။ သူတို့သည် မည်သို့ ပြန်လာခဲ့ကြသနည်း။
ဘုရားသခင်က ပေရသိရှင်ဘုရင်အား သူတို့ကို လွှတ်ရန် မိန့်တော်မူသောကြောင့်ဖြစ်သည်။
(ဧဇ ၁း၁–၄)

၃။ ယေရုရှလင်မြို့သို့ လူပေါင်းမည်မျှ ပြန်လာခဲ့ကြသနည်း။
လူပေါင်း ငါးသောင်းခန့် ပြန်လာခဲ့ကြသည်။ (ဧဇ ၂း၆၄–၆၅)

၄။ လူတွေက ရှေးဦးစွာ မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် ယဇ်ပလ္လင်ကို တည်၍ ဘုရားသခင်အားပူဇော်ခဲ့ကြသည်။ (ဧဇ ၃း၁–၃)

၅။ လူတွေက ယဇ်ပလ္လင်တည်ခဲ့ပြီးနောက် မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် ဗိမာန်တော်ကို တည်ဆောက်ခဲ့ကြသည်။ (ဧဇ ၃း၇–၉)

၆။ သူတို့သည် ဗိမာန်တော် ပြန်ဆောက်ခြင်းကို ပြီးဆုံးခဲ့ကြသလား။
ပြီးဆုံးခဲ့ကြသည်။ သို့သော် နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာသွားပြီးနောက် ပရောဖက် ဟဂ္ဂဲနှင့်ဇာခရိ
တို့၏လှုံ့ဆော်မှုအားဖြင့် ပြီးဆီးသွားနိုင်ခဲ့ကြသည်။(ဧဇ ၅း၁–၂၊ ၆း၁၄–၁၆)

၇။ လူတွေက ဗိမာန်တော် ပြန်လည်အသုံးပြုနိုင်သောအခါ ဝမ်းမြောက်ခဲ့ကြသလား။
ဝမ်းမြောက်ခဲ့ကြသည်။ သို့သော်အချို့တို့သည် ငိုကြွေးခဲ့ကြသည်။ (ဧဇ၃း၁၂–၁၃)

၈။ လူအချို့တို့သည် အဘယ်ကြောင့် ငိုကြွေးခဲ့ကြသနည်း။
ရှေ့လမုန်တည်ဆောက်သောဗိမာန်တော်သည် အတိုင်းမသိပို၍လှပသောကြောင့်ဖြစ်သည်။ (ဧဇ
၃း၁၂၊ ဟဂ္ဂဲ ၂း၃)

၉။ မည်သူက ယုဒလူများကို ဒုက္ခပေးခဲ့သနည်း။
ဆိုးသွမ်းသော ရှမာရိလူများက ယုဒလူများကို ဒုက္ခပေးခဲ့ကြသည်။ (ဧဇ ၄း၁–၁၀)

၁၀။ သူတို့သည် ယုဒလူများကို မည်သို့ဒုက္ခပေးခဲ့ကြသနည်း။
သူတို့သည် ယုဒလူများအား ဗိမာန်တော်တည်ဆောက်ခြင်းကို ရပ်တန့်ရန် ကြိုးစားခဲ့ကြသည်။
(ဧဇ ၄း၃–၅)

*ရွှေကျမ်းချက်။ ။“ထာဝရဘုရားသည် ငါတို့အဘို့ ကြီးသောအမှုကို ပြုတော်မူပြီ။ ငါတို့သည်
လည်းဝမ်းမြောက်လျက်နေကြ၏။” (ဆာလံ ၁၂၆း၃)*



သင်ခန်းစာ (၂၄)

## သေတာအကြောင်း

*သေတာဝတ္ထု*

၁။ ယုဒလူမျိုးအားလုံးတို့သည် ယေရုရှလင်မြို့သို့ ပြန်လာခဲ့ကြသလား။
မလာခဲ့ကြပေ။ အချို့တို့သည် ဗာဗုလုန်နိုင်ငံတွင် နေရစ်ခဲ့ကြသည်။ (သေ ၂း၅–၆၊ ၃း၆)

၂။ ဗာဗုလုန်နိုင်ငံတွင်နေရစ်သောသူများမှ နှစ်ယောက်တို့၏နာမည်ကို ဖော်ပြပါ။
မော်ဒကဲနှင့် ဘထွေးသမီး သေတာတို့ဖြစ်ကြသည်။ (သေ ၂း၅–၇)

၃။ ထိုနေရာတွင် သေတာအပေါ် မည်သည့်အရာကို ဖြစ်ပျက်ခဲ့သနည်း။
သူမသည် မိဖုရားဝါရှတိအရာ၌ ခန့်အပ်ခြင်းခံခဲ့ရသည်။ (သေ၂း၂–၄၊ ၈–၉၊ ၁၆–၁၇)

၄။ မည်သူသည် ရှင်ဘုရင်လက်အောက်တွင် ဝန်ကြီးဖြစ်ခဲ့ရသနည်း။
မော်ဒကဲကို မုန်းတီးသော ဟာမန်ဖြစ်သည်။ (သေ ၃း၁–၂၊ ၅)

၅။ ဟာမန်သည် မည်သည့်အရာကို လုပ်ဆောင်လိုခဲ့သနည်း။
သူသည် ယုဒလူအားလုံးကို သတ်ချင်ခဲ့သည်။ (သေ၃း၆၊ ၈–၁၂)

၆။ ဤအစီအစဉ်ကို မည်သူက ကြားခဲ့သနည်း။
ဟာတက်အားဖြင့် သေတာအား ကြားပြောခဲ့သော မော်ဒကဲဖြစ်သည်။ (သေ ၄း၁–၁၀)

၇။ သေတာသည် ရှင်ဘုရင်အား ပြောကြားခဲ့သလား။
ပြောကြားခဲ့သည်။ သူမက စားသောက်ပွဲတစ်ခုတွင် ပြောပြခဲ့သည်။ (သေ ၆း၁၄ –၇း၇)

၈။ ယုဒလူများအားလုံးအသတ်ခံခဲ့ကြသလား။
မခံခဲ့ကြပေ။ ရှင်ဘုရင်က သူတို့အသက်ချမ်းသာရန် သူတို့ကိုတိုက်ခိုက်စေခဲ့သည်။ (သေ
၈း၇–၁၁)

၉။ ဟာမန်အပေါ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် မော်ဒကဲအဖို့ လုပ်သောလည်ဆွဲချတိုင်ပေါ်တွင် ဆွဲချိတ်ခြင်းခံခဲ့သည်။ (သေ၇း၉–၁၀)

၁၀။ ဤအဖြစ်အပျက်က မည်သည့်အရာကို ပြသခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများကို အစဉ်အမြဲစောင့်ထိန်းခြင်းကို ထင်ရှားစေခဲ့သည်။ (သေ
၈း၁၊ ၁၅–၁၇၊ ၉း၁–၅၊ ယေရ ၂၄း၆–၇)

*ရွှေကျမ်းချက်။ ။ “ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ထာဝရဘုရား၏နာမတော်
အားဖြင့်၊ ငါတို့သည် မစခြင်းကျေးဇူးကို ခံရကြသတည်း။” (ဆာလံ ၁၂၄း၈)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၅)

# နေဟမိအကြောင်း

*နေဟမိမှတ်စာ*

၁။ နေဟမိသည် မည်သူဖြစ်သနည်း။
သူသည် ရှုရှန်ရှင်ဘုရင်၏ ဖလားတော်ကိုင်ဖြစ်သည်။ (နေဟ ၁း၁ (က)၊ ၁၁)

၂။ နေဟမိသည် ယုဒလူတို့အကြောင်းကို မည်သို့ကြားသိခဲ့သနည်း။
သူတို့သည် ယေရုရှလင်မြို့ရိုးကို မတည်ဆောက်ခဲ့ကြသည့်သတင်းကို ကြားသိခဲ့သည်။ (နေဟ ၁း၁–၃)

၃။ ဤသတင်းကို နေဟမိသည် ကြားသောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့သို့သွားခွင့်ပြုရန် ရှင်ဘုရင်ထံ ခွင့်ပန်ခဲ့သည်။ (နေဟ ၂း၁–၅)

၄။ နေဟမိသည် ယေရုရှလင်မြို့တွင် ရှေးဦးစွာ မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
သူသည် ညအချိန်တွင် မြို့ရိုးများကို ကြည့်ရှုခဲ့သည်။ (နေဟ ၂း၁၂–၁၃)

၅။ နေဟမိသည် မြို့ရိုးတည်ဆောက်ရန် စတင်ခဲ့သလား။
စတင်ခဲ့သည်။ သူသည် လူအားလုံးအပေါ် တာဝန်အသီးသီးခန့်အပ်ခဲ့သည်။(နေဟ ၂း၁၇–၁၈၊ ၂း၁–၃၂၊ ၄း၆)

၆။ လူတွေက မည်သို့ဒုက္ခခံခဲ့ကြသနည်း။
ဆိုးသွမ်းသောသူများက လုပ်ငန်းရပ်တန့်ရန် နှောင့်ယှက်ခဲ့ကြသည်။(နေဟ ၂း၁၉၊၄း၁–၃၊၇–၈)

၇။ သူတို့သည် လုပ်ငန်းကို ရပ်တန့်စေနိုင်ခဲ့ကြသလား။
မရပ်တန့်စေနိုင်ခဲ့ကြပေ။ နေဟမိက သူတို့ကို လက်နက်များပေးခဲ့သည်။ (နေဟ၄း၁၃–၁၈)

၈။ ဤဆိုးသွမ်းသောလူများက သူတို့ကို ဆက်လက် နှောင့်ယှက်ခဲ့သေးကြသလား။
နှောင့်ယှက်ခဲ့ကြသည်။ သူတို့သည် လူတွေအားနေဟမိအကြောင်းကို မဟုတ်မမှန် လှည့်ဖြားခဲ့ကြသည်။ (နေဟ ၆း၅–၈၊ ၁၂–၁၄)

၉။ လူတွေက မြို့ရိုးတည်ဆောက်ရန်အချိန်မည်မျှ ကြန့်ကြာခဲ့သနည်း။
ငါးဆယ်နှစ်ရက်ကြာခဲ့သည်။ (နေဟ ၆း၁၅)

၁၀။ မြို့ရိုးများကို မည်သို့လျှင်မြန်စွာ ပြီးမြောက်နိုင်ခဲ့ကြသနည်း။
ဘုရားသခင်သည် မြို့ရိုးတည်ဆောက်ရာတွင် သူ၏လူများကို ကူညီခဲ့သည်။ (နေဟ ၂း၁၉–၂၀၊ ၄း၁၆–၂၃၊ ဇေ ၉း၈–၉)

*ရွှေကျမ်းချက်။* *။“ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော်၌ ခိုလှုံသောသူသည် မင်္ဂလာရှိပါ၏။” (ဆာလံ ၈၄း၁၂)*



# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
   a. Toddler's Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media